ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ခိုင်မာ၍ထိရောက်မှုရှိသော လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုအား ဝန်ကြီးများကော်မတီ၏ ကြီးကြပ်မှု


စာတမ်းပြုစုသူများ-

၁။ ဒေါ်နမ့်ယဉ်ယဉ်နွယ်
ဒုတိယညွှန်ကြားရေးမှူး
e-Government ဌာန

၂။ ဦးအောင်မြတ်သူ
ဌာနခွဲစာရေး
ပစ္စည်းထောက်ပံ့ဌာနခွဲ


ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်။

ခိုင်မာ၍ထိရောက်မှုရှိသော လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ စီရင်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုအား ဝန်ကြီးများကော်မတီ၏ ကြီးကြပ်မှု

မာတိကာ

နိဒါန်း


၁။ စာတမ်း၏ နိဒါန်းပိုင်း

၂။ ပါဝင်သူများ

၂-၁။ နိုင်ငံများ

၂-၂။ ဥရောပကောင်စီ၏ ဝန်ကြီးများကော်မတီ

၂-၃။ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရေးဌာန

၂-၄။ လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး

၂-၅။ ဥရောပကောင်စီ၏ အခြားသောအဖွဲ့အစည်းများ

၂-၆။ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ

၃။ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၃-၁။ စီရင်ချက်များနှင့် ဆုံးဖြတ်ချက်များအား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်

၃-၂။ အထွေထွေအစီအမံများ သတ်မှတ်ချမှတ်ခြင်း

၃-၃။ သီးခြားအကြောင်းအရာအလိုက်အစီအမံများ-လျှောက်ထားသူများအား ပြန်လည် ကုစားပေးခြင်း

၃-၃-၁။ နစ်ဖက်ကျေနပ်မှုရှိရုံသက်သက်

၃-၃-၂။ အခြားသီးခြားအကြောင်းအရာ တစ်ခုချင်းအလိုက် အစီအမံများ

၃-၃-၃။ တရားစွဲဆိုမှုပြန်လည်ဖွင့်လှစ်ခြင်း

၃-၄။ အထွေထွေအစီအမံများ- အလားတူချိုးဖောက်မှုများအား တားဆီးကာကွယ် ခြင်း

၃-၄-၁။ ခြုံငုံသုံးသပ်ချက်

၃-၄-၂။ ပြည်တွင်းကုစားမှုများ

၄။ ကြီးကြပ်ဆောင်ရွက်မှု

၄-၁။ အမှုအသစ်များအား အမျိုးအစားခွဲခြားခြင်းနှင့် ဦးစားပေးအဆင့်သတ်မှတ်ခြင်း

၄-၂။ ငွေပေးချေမှုအား ကြီးကြပ်ခြင်း

၄-၃။ အရေးယူမှုအစီအမံ

၄-၄။ အချိန်နှင့်တပြေးညီ အပြည့်အဝလိုက်နာအကောင်အထည်ဖော်ရန်အတွက် ဝန်ကြီးများကော်မတီ (CM)က တွန်းအားပေးသည့် နည်းလမ်းများ

၄-၅။ အရေးယူဆောင်ရွက်မှုအစီရင်ခံစာ

၄-၆။ ကြီးကြပ်ဆောင်ရွက်ခြင်းကို ပိတ်သိမ်းခြင်း

၄-၇။ ကြီးကြပ်ကွပ်ကဲမှုအား အများပြည်သူသိရှိစေခြင်း

၄-၈။ ကြီးကြပ်ကွပ်ကဲမှု၏ ထိရောက်မှု

နိဂုံး

ကျမ်းကိုးစာရင်း

## ခိုင်မာ၍ထိရောက်မှုရှိသော လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုအား ဝန်ကြီးများကော်မတီ၏ ကြီးကြပ်မှု

**နိဒါန်း**

ယခုတင်ပြသည့် စာတမ်းသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက်နှင့် ၈ ရက် နေ့များတွင် AACC အသင်း၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစင်တာက "Current Problems in Execution of Judgments: Constitutional Justice" ခေါင်းစဉ်ဖြင့် အွန်လိုင်းမှတစ်ဆင့် ကျင်းပပြုလုပ်ခဲ့သည့် ၉ ကြိမ်မြောက်နွေရာသီသင်တန်းတွင် ဖတ်ကြားခဲ့သော စာတမ်းတစ်စောင် ဖြစ်ပါသည်။ စာတမ်း၏ခေါင်းစဉ်မှာ "ခိုင်မာ၍ထိရောက်မှုရှိသော လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုအား ဝန်ကြီးများကော်မတီ၏ ကြီးကြပ်မှု" ဟူ၍ ဖြစ်ပါသည်။ စာတမ်းတင်ပြသူများမှာ လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏စီရင်ချက်များအား လိုက်နာအကောင်အထည်ဖော်ရေးဌာန (Department for the Execution of Judgments of the European Court of Human Rights) မှ အထက်တန်းရှေ့နေများဖြစ်ကြသော Szymon Janczarek နှင့် Nikita Kolomiets တို့ ဖြစ်ကြပါသည်။

ဥရောပကောင်စီ (Council of Europe) သည် ဥရောပတွင် တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် လူ့အခွင့်အရေးများ မြှင့်တင်ရေးတို့အတွက် ၁၉၄၉ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော အဖွဲ့အစည်းဖြစ်ပါသည်။ ဥရောပကောင်စီ (Council of Europe) ၏ ရုံးချုပ်သည် ပြင်သစ်နိုင်ငံ၊ စတားဘတ်မြို့တွင် တည်ရှိပါသည်။[၁] လက်ရှိတွင် ဥရောပကောင်စီ (Council of Europe) ၌ အဖွဲ့ဝင်နိုင်ငံပေါင်း ၄၆ နိုင်ငံ ရှိပါသည်။ ၂၀၂၂ ခုနှစ်မတိုင်မီက အဖွဲ့ဝင်နိုင်ငံပေါင်း ၄၇ နိုင်ငံရှိခဲ့ပြီး ရုရှားဖက်ဒရေးရှင်းသည် ယူကရိန်းနှင့်ဖြစ်ပွားသည့်စစ်ပွဲကြောင့် ၂၀၂၂ ခုနှစ် မတ်လတွင် ထိုအဖွဲ့အစည်းမှ နုတ်ထွက်ခဲ့ပါသည်။

ဥရောပကောင်စီ၏ အဖွဲ့ဝင်နိုင်ငံများအားလုံး လက်မှတ်ရေးထိုးထားသော လူ့အခွင့်အရေးဆိုင်ရာဥရောပကွန်ဗင်းရှင်း (European Convention on Human Rights -ECHR) သည် ၁၉၅၃ ခုနှစ်တွင် စတင်အာဏာသက်ဝင်ခဲ့ပါသည်။ ထိုကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များအား ချိုးဖောက်ကျူးလွန်မှုများကို စီရင်ဆုံးဖြတ်နိုင်ရန်အတွက် ၁၉၅၉ ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာ

---

[၁] https://www.europewatchdog.info/en/council-of-europe/

ဥရောပတရားရုံး (The European Court of Human Rights -ECtHR) ကို တည်ထောင်ခဲ့ပါသည်။ ဥရောပကောင်စီ၏အဖွဲ့ဝင်နိုင်ငံများသည် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး (The European Court of Human Rights -ECtHR) ၏ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိပါသည်။

ဝန်ကြီးများကော်မတီ (Committee of Minister) သည် ဥရောပကောင်စီ (Council of Europe) ၏ တရားရုံးဖြစ်သော လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံး၏ စီရင်ချက်များကို အဖွဲ့ဝင်နိုင်ငံများက လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုအား ကြီးကြပ်သည့်အဖွဲ့အစည်းဖြစ်ပါသည်။ ဝန်ကြီးများကော်မတီ (Committee of Minister) ၏ ကြီးကြပ်မှုလုပ်ငန်းစဉ်ကို ဥရောပတရားရုံး၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးဌာန (Department for the Execution of Judgments of the European Court of Human Rights) မှ ကူညီဆောင်ရွက်လျက်ရှိပါသည်။

ယခု တင်ပြပါစာတမ်းသည် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး (The European Court of Human Rights -ECtHR) ၏ စီရင်ချက်များကို အဖွဲ့ဝင်နိုင်ငံများက လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မှုအား ဝန်ကြီးများကော်မတီ (Committee of Ministers) က ကြီးကြပ်မှုပြုခြင်း လုပ်ငန်းစဉ်များနှင့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှုများအကြောင်း ရေးသားတင်ပြထားသည့် စာတမ်း ဖြစ်ပါသည်။

စာတမ်းရှင်များက မူလစာတမ်းကို နိဒါန်းပိုင်း အပါအဝင် အောက်ဖော်ပြပါအတိုင်း အပိုင်း (၄) ပိုင်း ပိုင်းခြား၍ ရေးသားတင်ပြထားပါသည်-

(က) မူလစာတမ်း၏နိဒါန်းပိုင်း၊

(ခ) ပါဝင်သူများ၊

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) ကြီးကြပ်ဆောင်ရွက်ခြင်း။

## ၁။ မူလစာတမ်း၏နိဒါန်းပိုင်း (Introduction)

အပြည်ပြည်ဆိုင်ရာဥပဒေ၏ ကာလကြာရှည်စွာတည်ရှိနေသည့် သဘောတရားအရ မှားယွင်းသော ပြုလုပ်မှုတစ်ခုအတွက် တာဝန်ရှိသော နိုင်ငံတစ်နိုင်ငံသည် ထိုမှားယွင်းသော ဥပဒေချိုးဖောက်မှုကို ရပ်တန့်အဆုံးသတ်ရန်၊ ထိုဥပဒေ ချိုးဖောက်မှု၏ နောက်ဆက်တွဲဆိုးကျိုးများကို တတ်နိုင်သမျှ ပြန်လည်ပြင်ဆင်ရန်နှင့် နောင်လာမည့် ဥပဒေ ချိုးဖောက်မှုများကို

တားဆီးကာကွယ်ရန် ဆောင်ရွက်သင့်သည်။ ဤမှုကို အကောင်အထည်ဖော်သည့် ယန္တရားများ အနက် ဥရောပကောင်စီ၌ ယန္တရားတစ်ခု အထင်အရှားတည်ရှိနေပေသည်။

ဥရောပကောင်စီသည် လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ပေးသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး European Court of Human Rights (ECtHR) သည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဥရောပကွန်ဗင်းရှင်း(ECHR)နှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဥရောပကောင်စီ အဖွဲ့ဝင်နိုင်ငံအားလုံးသည် လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံး၏ တရားစီရင်ဆုံးဖြတ်ခြင်းကို လက်ခံရမည်ဖြစ်သည်။ ကွန်ဗင်းရှင်းကို ချိုးဖောက်သည်ဟု စွပ်စွဲသူ မည်သူမဆို တရားရုံးသို့ တိုင်ကြားနိုင်သည်။ အမှုသည်များအဖြစ် ပါဝင်သည့် မည်သည့်နိုင်ငံမဆို ဥရောပလူ့အခွင့်အရေးဆိုင်ရာတရားရုံးက ချမှတ်သည့် ဆုံးဖြတ်ချက်များအား လိုက်နာရမည် ဖြစ်သည်။

ဥရောပကောင်စီ၏ ဝန်ကြီးများကော်မတီ (The Committee, CM) သည် အဖွဲ့ဝင်နိုင်ငံများမှ ဥရောပတရားရုံး၏ စီရင်ချက်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြီးကြပ်သည့်အဖွဲ့ဖြစ်သည်။ ဤဆောင်းပါးကိုရေးသားစဉ် (၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ)တွင် ဥရောပကောင်စီ၏ ဝန်ကြီးများကော်မတီ (The Committee, CM) သည် စီရင်ချက်ပေါင်း ၅၆၂၉ ခု ကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့အနက် စီရင်ချက်ပေါင်း ၁၂၉၉ ခုမှာ သီးခြားပြဿနာ တစ်ခုစီမှ ပေါ်ပေါက်သည့် စီရင်ထုံးဖြစ်လာမည့်အမှု (Leading Case) များဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ဝန်ကြီးများကော်မတီ (The Committee, CM) သည် အမှုတွဲပေါင်း ၂၃,၁၅၅ ကျော် ကို ကြီးကြပ်ပိတ်သိမ်းခဲ့ပြီး ၎င်းတို့အနက် ၃၃၇၀ မှုမှာ စီရင်ထုံးဖြစ်လာမည့်အမှု (Leading Case) များ ဖြစ်ပါသည်။ (ထိုစီရင်ထုံးဖြစ်လာမည့်အမှု (Leading Case) များအနက် အမှုပေါင်း ၃,၁၂၅ မှုအား စံသတ်မှတ်ထားသည့်ကျင့်ထုံး (Standards Procedure) ဖြင့် ကြီးကြပ်ခဲ့ပြီး ကျန်အမှု ၂၄၅ မှု အား ပိုမိုထိရောက်သည့်ကျင့်ထုံး (Enhanced Procedure)ဖြင့် ကြီးကြပ်ဆောင်ရွက်ခဲ့သည်)။ ဆိုလိုသည်မှာ လူ့အခွင့်အရေးပြဿနာပေါင်း ၃၃၇၀ ခုသည် ဥရောပတရားရုံးမှ အမျိုးအစားခွဲခြားသတ်မှတ်အတည်ပြုပြီးနောက် ဝန်ကြီးများကော်မတီ (CM) ၏ ကြီးကြပ်မှုဖြင့် ပြည်တွင်းအဆင့်အပြေင်းပွားမှုအဖြစ် ရှိမနေတော့ပေ။

အမှုအတော်များများသည် ဖြေရှင်းရလွယ်ကူသည်။ ဥပမာအားဖြင့် ထုတ်ဝေခြင်းနှင့် ဖြန့်ဝေခြင်းတို့သည် အသေးအဖွဲဖြစ်သော အမှုများကို လိုက်နာအကောင်အထည်ဖော်ရန်အတွက် လုံလောက်သည်။ ပိုမိုခက်ခဲသော အမှုများလည်း ရှိသည်။ မည်သည့်ကိစ္စရပ်တွင်မဆို ဝန်ကြီးများကော်မတီ (CM)၏ ကြီးကြပ်မှုသည် မည်မျှတိကျပြီး မည်သည့်အတိုင်းအတာထိ ထိရောက်နိုင်စွမ်း

ရှိသည်ကို တိုင်းတာခြင်းမပြုရသေးသော်လည်း ဝန်ကြီးများကော်မတီ (CM)၏ ကြီးကြပ်မှုသည် များစွာသော ပြဿနာများအနက် အချို့သောပြဿနာများကို ဖြေရှင်းရာတွင် အထောက်အကူ ဖြစ်စေနိုင်သည်။ အမှန်စစ်စစ် ဥရောပတရားရုံး၏ စီရင်ချက်များအား လိုက်နာအကောင်အထည်ဖော်မှုဆိုင်ရာကဏ္ဍအမျိုးမျိုးအတွက် ရေးသားပုံနှိပ်ထုတ်ဝေမှုများစွာရှိသော်လည်း ဝန်ကြီးများကော်မတီ (CM) ၏ ကြီးကြပ်ကွပ်ကဲမှု မည်မျှထိရောက်မှုရှိသည်ကို တိုင်းတာခြင်းဆိုင်ရာ သုတေသနပြုမှုသည် ယေဘုယျအားဖြင့် မရှိသေးချေ။ ဤစာတမ်းသည် ဝန်ကြီးများကော်မတီ (CM) ၏ ကြီးကြပ်မှုသည် ခိုင်မာသော ယန္တရားတစ်ခုဖြစ်သည်ကိုသာမက ထိရောက်မှုရှိကြောင်းကို သက်သေပြရန်အတွက် ရေးသားထားခြင်းဖြစ်သည်။

ဤယန္တရားသည် ခိုင်မာပြတ်သားစွာ ဖွဲ့စည်းတည်ဆောက်ထားပြီး လုပ်ဆောင်နိုင်စွမ်း ရှိသည်။ ဤစာတမ်း၌ ထိုအချက်ကို ဖောင်းပေးဖော်ပြထားသည်။ စာတမ်း၏ အပိုင်း ၁ ၌ နိုင်ငံများ၏အခန်းကဏ္ဍ၊ ဝန်ကြီးများကော်မတီ (CM) နှင့် ၎င်းကြီးကြပ်ရသော အကောင်အထည် ဖော်ဆောင်ခြင်းလုပ်ငန်းတွင် ပါဝင်သူများ၏ အခန်းကဏ္ဍကို အကျဉ်းချုပ် ဖော်ပြထားသည်။ အပိုင်း (၂) ၌ စီရင်ချက်များအား အကောင်အထည်ဖော်ရန်အတွက် နိုင်ငံများက မည်သို့ အစီအမံများ ချမှတ်သည်ကိုလည်းကောင်း၊ ထိုအစီအမံများသည် မည်သို့ဖြစ်နိုင်သည်ကို လည်းကောင်း အသေးစိတ်ဖော်ပြထားသည်။ အပိုင်း (၃) ၌ ဝန်ကြီးများကော်မတီ (CM) ၏ အကောင်အထည် ဖော်ခြင်းဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းစဉ်ကို အသေးစိတ်ဖော်ပြထားသည်။

ဤယန္တရားသည် ထိရောက်ပြီး ရလဒ်ကောင်းများ ပေးဆောင်သည်။ ဤအချက်ကို သက်သေပြရန် ကြိုးပမ်းမှုအား စာတမ်းတစ်ခုလုံးတွင် ဥပမာအမျိုးမျိုးဖြင့် ဖော်ပြထားသည်။ အထူးသဖြင့် ဆုံးဖြတ်ချက်များအား အတိအကျလိုက်နာအကောင်အထည်ဖော်ရေးအတွက် နိုင်ငံများသို့ ညွှန်ကြားမှုများ ပြုလုပ်ပြီးနောက်တွင် ဝန်ကြီးများကော်မတီ (CM) ၏ ဝင်ရောက် ဖြေရှင်းပေးမှုကြောင့် ဥရောပရှိ လူ့အခွင့်အရေးပြဿနာကြီး ၁၀၀ ကျော်ကို ဖြေရှင်းပြီး ဖြစ်ကြောင်း အပိုင်း (၃) ၏ အဆုံးတွင် ဖော်ပြထားသည်။ ထိုကဲ့သို့ ဝန်ကြီးများကော်မတီ(CM)၏ ပါဝင်ဆောင်ရွက်သည့် နယ်ပယ်ကို ပိုမိုကောင်းမွန်စွာ တိုင်းတာရန်အတွက် နောက်ထပ် သုတေသနပြုမှုများလည်း လိုအပ်ပါသေးသည်။

## ၂။ ပါဝင်သူများ (Actors)

ဝန်ကြီးများကော်မတီ (CM)၏ ကြီးကြပ်ကွပ်ကဲမှု လုပ်ထုံးလုပ်နည်းများနှင့် အကောင် အထည်ဖော်ရေး လုပ်ငန်းစဉ်များအကြောင်း မတင်ပြမီ ဤလုပ်ငန်းစဉ်တွင်ပါဝင်သော အဓိက ဇာတ်ဆောင်များ၏ အခန်းကဏ္ဍများကို အကြမ်းဖျင်းဖော်ပြမည်ဖြစ်သည်။ ဤလုပ်ငန်းစဉ်တွင် ပါဝင်သူများမှာ အဓိကအားဖြင့် တရားစွဲဆိုလျှောက်ထားခံရသည့်နိုင်ငံနှင့် စီရင်ချက်များကို

အကောင် အထည်ဖော်ရသည့် အဖွဲ့အစည်းများဖြစ်သည်။ ထို့အပြင် အကောင်အထည်ဖော်မှုကို ကြီးကြပ် ရသည့် ဝန်ကြီးများကော်မတီ (CM) လည်း ပါဝင်သည်။ ထို့အပြင် ပြဿနာကို မည်သို့ဖြေရှင်းရမည်ကို အတိအကျညွှန်ကြားသည့်အပြင် အကောင်အထည်ဖော်မှု၏ တိုးတက်မှု ကိုပင် အကဲဖြတ်ပေးသည့် ECtHR လည်း ပါဝင်သည်။ အခြားဥရောပ ကောင်စီအဖွဲ့များ၊ NGOများနှင့် အမျိုးသားလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများအားလည်း အကောင်အထည် ဖော်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်သူများအဖြစ် မှတ်ယူရမည် ဖြစ်သည်။

## ၂-၁။ နိုင်ငံများ (The States)

Principle of Subsidiarity အရ အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်ကို စီစဉ် ဆောင်ရွက်ရန်မှာ အဓိကအားဖြင့် သက်ဆိုင်ရာနိုင်ငံအပေါ်တွင် မူတည်ပါသည်။ ဥရောပတွင် ဤမူ၏ တည်ရှိမှုနှင့် အရေးပါမှုကို ၂၀၁၅ ခုနှစ်တွင် ဘရပ်ဆဲလ်မြို့၌ ကျင်းပခဲ့သည့် အဆင့်မြင့်အရာရှိကြီးများ ဒေသတွင်း ညီလာခံတွင် အလေးပေးဖော်ပြခဲ့သည်။ ထို့အပြင် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် အာဏာစတင် သက်ဝင်ခဲ့သော ဥရောပကွန်ဗင်းရှင်း၏ နောက်ဆက်တွဲစာချုပ် အမှတ် ၁၅ ၏ နိဒါန်းတွင် the Principles of Subsidiarity မူသဘောတရားများနှင့် Margin of Appreciation အခြေခံမူများကို ဖော်ပြထားသည်။ ထို နောက်ဆက်တွဲစာချုပ် အမှတ် ၁၅ ၏ နိဒါန်းပိုင်း၌ တရားရုံး၏ စီရင်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများအပါအဝင် စာချုပ်တစ်ခုလုံးအား လွှမ်းခြုံ၍ ရေးသားထားသည်။

လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံး (ECtHR) ၏ စီရင်ချက်အား လိုက်နာရမည့် တာဝန်မှာ ခြွင်းချက်မရှိဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံသည် လူ့အခွင့်အရေးဆိုင်ရာဥရောပကွန်ဗင်းရှင်း (ECHR) အရ ၎င်းတို့ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအတွက် ပြည်တွင်းတရားစီရင်ရေးစနစ်ပါ သီးခြားသတ်မှတ်ချက်များကို အားကိုး အားထားပြုကာ အကြောင်းပြ၍ မရနိုင်ပါ။

ထို့ကြောင့် ဥရောပလူ့အခွင့်အရေးဆိုင်ရာတရားရုံး (ECtHR) ၏ စီရင်ဆုံးဖြတ်ချက်များကို ဆောလျင်စွာနှင့် ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံတွင် တာဝန်ရှိသည်။ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံမှ ပြည်တွင်းအာဏာပိုင်ဖြစ်ကြသည့် ဥပဒေပြု လွှတ်တော်၊ အုပ်ချုပ်ရေးအဖွဲ့အစည်း သို့မဟုတ် တရားစီရင်ရေးအဖွဲ့အစည်း (သို့မဟုတ် ယင်းတို့၏ ပေါင်းစည်းဆောင်ရွက်မှုတစ်ခုခု) မှ တိကျသော အစီအမံများကို ချမှတ်ရမည် ဖြစ်သည်။ တစ်ခါတစ်ရံ၌ ကွန်ဗင်းရှင်းကို ချိုးဖောက်မှုအတွက် တာဝန်ရှိသောအဖွဲ့အစည်းသည် ထိုချိုးဖောက်မှုအား ကုစားပေးသည့် အဖွဲ့အစည်းနှင့် ကွဲပြား တတ်သည်။ အများအားဖြင့်

လွှတ်တော်များသည် လိုအပ်သည့်အချိန်တွင် ဥပဒေပြင်ဆင်ရန် ဆောင်ရွက်ကြသည်။ အချို့သောနိုင်ငံများတွင် လွှတ်တော်သည် ပြည်တွင်းအကောင်အထည် ဖော်ဆောင်ရွက်ရေး လုပ်ငန်းစဉ်ကို တိုက်ရိုက်စောင့်ကြည့် စစ်ဆေးသည်။ ဥပမာအားဖြင့် လွှတ်တော်သည် အစိုးရ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုအား သတင်းပို့ရန် တောင်းဆိုခြင်း ဖြစ်သည်။

အုပ်ချုပ်ရေးအာဏာပိုင်များသည် စည်းမျဉ်းများ သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြောင်းလဲလေ့ရှိသည်။ သို့မဟုတ် ဥပဒေပြုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အကြံ ပြုလေ့ရှိသည်။ အုပ်ချုပ်ရေးအာဏာပိုင်များသည် ကျူးလွန်သူမှ နစ်နာသူအား လျော်ကြေးပေးဆောင်စေခြင်းဖြင့် အမှုသည်များကို စိတ်ကျေနပ်စေခြင်း သို့မဟုတ် ကျူးလွန်သူအား ထိန်းသိမ်းမှုပြုခြင်းဖြင့် နစ်နာမှုအတွက် တရားသဖြင့် ဖြစ်စေသည်။ ယေဘုယျအားဖြင့် အုပ်ချုပ်ရေးအာဏာပိုင်များသည် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်ကို ညှိနှိုင်းဆောင်ရွက်လေ့ရှိသည်။

တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်များသည် တရားစီရင်ရေးဆိုင်ရာ ကျင့်ထုံးများ တိုးတက်စေရန်အတွက် အများအားဖြင့် တာဝန်ရှိသည်။ တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်များသည် ရာဇဝတ်မှုများအတွက် တရားမျှတသော တရားစီရင်မှုအသစ်များကို ရရှိစေရန် သို့မဟုတ် တရားမျှတမှုမရှိသော ပြစ်ဒဏ်များကို ပယ်ဖျက်ရန်အတွက် သံသယဖြစ်ဖွယ် အမှုများအား ပြန်လည်ဖွင့်လှစ်ခြင်း သို့မဟုတ် ပြန်လည်ဖွင့်လှစ်ရန် မဖြစ်နိုင်သည့်အမှုများတွင် ဆုံးရှုံးသွားသော အခွင့်အရေးများအတွက် လျော်ကြေးပေးအပ်စေခြင်းဖြင့် အခြေအနေများပေါ်မူတည်၍ နစ်နာမှုများအတွက် တရားသဖြင့် ဖြစ်စေနိုင်သည်။ အချို့သော တရားရေးစနစ်များတွင် တရားစီရင်ရေးသည် လိုအပ်သော ဥပဒေပြုရေး အစီအမံအသစ်များကို ညွှန်ပြပေးပါသည်။

## ၂-၂။ ဥရောပကောင်စီ၏ဝန်ကြီးများကော်မတီ (CM)

ဥရောပကောင်စီ၏ဝန်ကြီးများကော်မတီ (CM) သည် ဥရောပကောင်စီ၏ ကိုယ်စားဆောင်ရွက်ပါသည်။ ၎င်းကို အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ သို့မဟုတ် နိုင်ငံများ၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ ဥရောပကောင်စီ၏ဝန်ကြီးများကော်မတီ (CM) သည် ဥရောပကောင်စီအဖွဲ့အစည်း၏ ဌာနတွင်းဆိုင်ရာ ကိစ္စရပ်များအားလုံးကို အဆုံးအဖြတ်ပြုရသည်။ ထို့အပြင် လူ့အခွင့်အရေးဆိုင်ရာဥရောပကွန်ဗင်းရှင်း (ECHR) ၏ အပိုဒ် ၄၆ အပိုဒ်ခွဲ ၂ အရ ဥရောပကောင်စီ၏ ဝန်ကြီးများကော်မတီ (CM) သည် သီးခြားအကြောင်းအရာအလိုက် အမှုကိစ္စများတွင် ဥရောပလူ့အခွင့်အရေး ဆိုင်ရာတရားရုံး (ECtHR)၏ စီရင်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ကြီးကြပ်ပါသည်။ လူ့အခွင့်အရေးဆိုင်ရာ ဥရောပ

ကွန်ဗင်းရှင်း၏ အပိုဒ် ၃၉ အပိုဒ်ခွဲ ၃ နှင့် ၄ အရ ချစ်ကြည်ရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များအား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ခြင်း ကိုလည်း ကြီးကြပ် ဆောင်ရွက်ပါသည်။

ဝန်ကြီးများကော်မတီ (CM) ၏ လုပ်ဆောင်ချက်သည် နိုင်ငံရေးဆိုင်ရာသွင်ပြင်လက္ခဏာ ဖြစ်သော်လည်း ကွန်ဗင်းရှင်း၏ အပိုဒ် ၄၆ အရ ဥပဒေစည်းမျဉ်းများကို ကျင့်သုံးပြီး ပြည်တွင်းအကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် ၎င်း၏ကြီးကြပ်မှုဖြင့် ဆုံးဖြတ်ချက်ပေါင်း ရာနှင့်ချီ၍ ဆောင်ရွက်ခဲ့ပြီး ခိုင်မာသောအလေ့အကျင့်ကို ဖော်ဆောင်ခြင်းဖြင့် သဏ္ဌာန်ဆောင် တရားစီရင်ရေး သွင်ပြင်လက္ခဏာကို ဖော်ဆောင်ထားသည်။ ၎င်း၏နိုင်ငံရေးဆိုင်ရာသွင်ပြင် လက္ခဏာသည် ဆက်လက်တည်ရှိနေသဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မဟုတ်သည့် ကိစ္စများကို ကိုင်တွယ်ဖြေရှင်း နိုင်စွမ်းလည်းရှိသည်။

ဥရောပလူ့အခွင့်အရေးဆိုင်ရာတရားရုံး (ECtHR) ၏ စီရင်ဆုံးဖြတ်ချက်များကို အကောင် အထည်ဖော်ခြင်းသည် ကွန်ဗင်းရှင်းကို အကောင်အထည်ဖော်ခြင်း၏ ယေဘုယျလုပ်ငန်းစဉ် တစ်ခုသာဖြစ်သည်။ ဝန်ကြီးများကော်မတီ (CM) ၏ အခန်းကဏ္ဍသည် ထိုအကောင်အထည် ဖော်ဆောင်ခြင်းလုပ်ငန်းနှစ်ခုစလုံးအတွက် သက်ဆိုင်ပါသည်။ ထို့ကြောင့် ဝန်ကြီးများကော်မတီ (CM) သည် ယေဘုယျအားဖြင့် ကွန်ဗင်းရှင်းကို အကောင်အထည်ဖော်ခြင်းဆိုင်ရာ အကြံပြုချက်များနှင့် အထူးသဖြင့် ဥရောပလူ့အခွင့်အရေးဆိုင်ရာတရားရုံး (ECtHR) ၏ စီရင်ချက်များအား လိုက်နာဆောင်ရွက်ခြင်းဆိုင်ရာ အကြံပြုချက်များစွာကို ချမှတ်ခဲ့ပါသည်။

ဥပမာအားဖြင့် ကွန်ဗင်းရှင်းကို အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းသော အကြံပြုချက် များတွင် ဥရောပလူ့အခွင့်အရေးဆိုင်ရာတရားရုံး (ECtHR) ၏ စီရင်ထုံးဥပဒေများနှင့် အခြားစပ်ဆိုင်သည့် စာသားများအား ပုံနှိပ်ထုတ်ဝေခြင်းနှင့် ဖြန့်ချီခြင်း၊ ကွန်ဗင်းရှင်းနှင့် စပ်လျဉ်းသည့် အသိပညာပေးခြင်းနှင့် လေ့ကျင့်သင်ကြားပို့ချခြင်း၊ ဥပဒေများအား ကွန်ဗင်းရှင်း စံနှုန်းများနှင့်အညီဖြစ်စေခြင်း (သို့မဟုတ်) ရှည်လျားလွန်းသော တရားစွဲဆိုမှု လုပ်ငန်းစဉ် များအား ကုစားခြင်းအပါအဝင် ကွန်ဗင်းရှင်းကို ချိုးဖောက်မှုများမှ တားဆီးရန်အတွက် ပြည်တွင်း၌ ကုစားခြင်းနည်းလမ်းများ ပါဝင်ပါသည်။

စီရင်ချက်များအား လိုက်နာအကောင်အထည်ဖော်ခြင်းဆိုင်ရာ သီးသန့်အကြံပြုချက် များတွင် ပြည်တွင်း၌ လျင်မြန်စွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်မှု မူဘောင်အတွင်း ပြည်တွင်းတရားစွဲဆိုမှုများကို ပြန်လည် ဖွင့်လှစ်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း သည့် အကြံပြုချက်များ ပါဝင်သည်။

## ၂-၃။ စီရင်ချက်များကိုလိုက်နာအကောင်အထည်ဖော်ဆောင်ရေးဌာန (DEJ)

ဥရောပလူ့အခွင့်အရေးဆိုင်ရာတရားရုံး (ECtHR) ၏ စီရင်ချက်များကို လိုက်နာ အကောင်အထည်ဖော်ရေး ကြီးကြပ်မှုလုပ်ငန်းစဉ်တွင် ဝန်ကြီးများကော်မတီ (CM)အား ဥရောပကောင်စီ၏ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးဦးစီးဌာန၏ အစိတ်အပိုင်းတစ်ခု ဖြစ်သော လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ စီရင်ချက်များကို လိုက်နာ အကောင်အထည်ဖော်ဆောင်ရေးဌာန (the Department, the DEJ) က ကူညီ ဆောင်ရွက်ပေးသည်။ လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏စီရင်ချက်များကို လိုက်နာ အကောင်အထည်ဖော်ရေးဌာန (the Department, the DEJ) သည် နိုင်ငံအာဏာပိုင်များနှင့် အခြားသောပါဝင်သူများ၏ အနေအထားတို့ကို ထည့်သွင်းစဉ်းစားကာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရေးပါသော ပြုပြင်ပြောင်းလဲမှုများအပါအဝင် အစီအမံများကို အသေးစိတ်လုပ်ဆောင်လျက်ရှိသည်။ အဆိုပါဌာနကို ကွန်ဗင်းရှင်း ပြဋ္ဌာန်းချက်များ၊ ဝန်ကြီးများကော်မတီ (CM)၏ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံ့ဓလေ့ ထုံးစံများအကြောင်း ဗဟုသုတကြွယ်ဝသော ရှေ့နေများဖြင့် ဖွဲ့စည်းထားသည်။ ထိုဌာန၏ လွတ်လပ်သော အကူအညီနှင့် အကြံဉာဏ်များအား ဝန်ကြီးများကော်မတီ (CM)က လိုအပ်သလို အသုံးပြု နိုင်သည်။

ဥပမာအားဖြင့် လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံး၏ ဆုံးဖြတ်ချက်များ အကောင် အထည်ဖော်ရေးဌာန (the Department, the DEJ) သည်-

(က) အကောင်အထည်ဖော်မှုကို ကြီးကြပ်ရန်အတွက် တင်သွင်းလာသော စီရင်ချက် များကို အမျိုးအစားခွဲခြားခြင်းနှင့်ဦးစားပေးအဆင့်သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ကြီးများကော်မတီ (CM) သို့ အဆိုပြု တင်ပြခြင်း၊

(ခ) နိုင်ငံများမှ တင်ပြလာသော စာရွက်စာတမ်းများအား အကဲဖြတ်ခြင်းကို (လုပ်ငန်း အစီအမံများနှင့် အစီရင်ခံစာများ) ပြင်ဆင်ဆောင်ရွက်ခြင်း၊

(ဂ) အကောင်အထည်ဖော်မှုအတွက် ဝန်ကြီးများကော်မတီ (CM)၏ အစည်းအဝေး များတွင် ထည့်သွင်းရမည့်ကိစ္စရပ်များအတွက် အဆိုပြုချက်များကိုပြင်ဆင်ပြီး ဆုံးဖြတ်ချက် မူကြမ်းနှင့် ဆုံးဖြတ်ချက်များအပါအဝင် ဤအစည်းအဝေးများအတွက် လိုအပ်သော စာရွက်စာတမ်းအားလုံးကို ပြင်ဆင်ခြင်း။

အကောင်အထည်ဖော်ဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ ဆုံးဖြတ်ချက်များအကောင်အထည်ဖော်ရေးဌာန (the Department, the

DEJ) သည်  ဥပဒေရေးရာကျွမ်းကျင်မှု၊ ဆွေးနွေးပွဲများ၊ သက်ဆိုင်ရာနိုင်ငံအလိုက် ပါဝင်သူများ အားလုံးပါဝင်သည့် နှစ်နိုင်ငံတွေ့ဆုံပွဲများ သို့မဟုတ် လေ့ကျင့်သင်တန်းပေးမှုများကဲ့သို့သော လှုပ်ရှားမှုများမှတစ်ဆင့် နိုင်ငံများကို နည်းပညာဆိုင်ရာအကြံဉာဏ်နှင့် ပံ့ပိုးကူညီမှုများ ပေးပါသည်။ တစ်ချိန်တည်းတွင် ထိုဌာနသည် ထိခိုက်နစ်နာသည့်အမှုသည်များ၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြည်တွင်းအဖွဲ့အစည်းများ၊ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရေးလုပ်ဆောင်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး အခြားစိတ်ပါဝင်စားသည့် အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဌာနသည် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် သက်ဆိုင်ရာ နိုင်ငံနှင့် အကြောင်းအရာဆိုင်ရာ အချက်အလက်များ ပါဝင်သော ဝဘ်ဆိုဒ်တစ်ခု လွှင့်တင် ဆောင်ရွက်ခြင်း၊ HUDOC-EXEC ဒေတာဘေ့စ်ထားရှိခြင်းများအပြင် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး (ECtHR) ၏ စီရင်ချက်များအား လိုက်နာအကောင်အထည် ဖော်ဆောင်မှုအပေါ် ကြီးကြပ်သည့် ဝန်ကြီးများကော်မတီ (CM) ၏ နှစ်စဉ်အစီရင်ခံစာ မူကြမ်းအား အသေးစိတ် စီစဉ်ဆောင်ရွက်ရန်အတွက်လည်း တာဝန်ရှိသည်။

အချို့သောစာရေးဆရာများ၏အဆိုအရ ဝန်ကြီးများကော်မတီ (CM) ၏ ကြီးကြပ် ကွပ်ကဲမှု ထိရောက်ခြင်းနှင့်စပ်လျဉ်းသည့် ဖြစ်နိုင်ချေသည် “စနစ်၏ ယုံကြည်အားထားရသော အုပ်ထိန်းသူဖြစ်သည့် အားကောင်း၍ လွတ်လပ်သော အဆိုပါဌာနဖြင့် တင်းမာမှုများကို လျော့ပါးသွားအောင် ဆောင်ရွက်စေခြင်း ဖြစ်သည်” ဟုဆိုသည်။

## ၂-၄။ လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး (ECtHR)

ဥရောပတရားရုံးသည် အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်တွင် အခန်းကဏ္ဍ အမျိုးမျိုးမှ ပါဝင်ဆောင်ရွက်နိုင်သည်။ ဥရောပတရားရုံးက ထုတ်ပြန်သည့် စီရင်ချက်များ၌ အကောင်အထည်ဖော်ဆောင်ရွက်ရန်နည်းလမ်းများအား သီးခြားဖော်ညွှန်းပြခြင်းမရှိသော်လည်း စီရင်ချက်တွင်ဖော်ပြထားသော ကွန်ဗင်းရှင်းချိုးဖောက်မှုနှင့်စပ်လျဉ်းသည့် ကြောင်းကျိုးဆက်စပ် ဖော်ပြချက်များမှ နိုင်ငံတစ်နိုင်ငံသည် မည်သို့မည်ပုံ ဆောင်ရွက်သင့်သည်ကို ရှင်းရှင်းလင်းလင်း သိနိုင်သည်။

ထို့အပြင် ၂၀၀၄ ခုနှစ်၊ ဝန်ကြီးများကော်မတီ (CM)၏ ဆုံးဖြတ်ချက်ကို တုံ့ပြန်သည့် အနေဖြင့် ဥရောပတရားရုံးသည် ပဏာမဆင်ခြင်စဉ်းစားမှုစီရင်ချက် လုပ်ထုံးလုပ်နည်းမှတစ်ဆင့် အခြေခံကျသော ပြဿနာများကို ဖော်ထုတ်ရန် လိုအပ်သော အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

အစီအမံများကို ချမှတ်ရန် နိုင်ငံများကို ကူညီညွှန်ပြသည့်အလေ့အကျင့် ပြောင်းလဲတိုးတက်လာခဲ့သည်။

ထို့အပြင် စီရင်ချက်ချချိန်တွင် မသိရှိသေးသော အချက်အလက်အသစ်များ ထွက်ပေါ်လာသည့်အခါ သို့မဟုတ် စီရင်ချက်ချချိန်တွင် အာဏာသက်ဝင်လျက်ရှိသော ပြဋ္ဌာန်းချက်များ ရှင်းရှင်းလင်းလင်း မရှိသည့်အခါတွင် တရားရုံးသည် လျှောက်ထားသူများ သို့မဟုတ် အစိုးရများ၏ တောင်းဆိုချက်များအရ အချို့သောအမှုကိစ္စများတွင် ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်နိုင်သည် သို့မဟုတ် အနက်အဓိပ္ပာယ် ပြန်လည်ဖွင့်ဆိုနိုင်သည်။

ထို့အပြင် ဝန်ကြီးများကော်မတီ (CM) ၏ တောင်းဆိုချက်အရ တရားရုံးသည် အကောင်အထည်ဖော်ဆောင်ရွက်မှုကို အဟန့်အတားဖြစ်စေသော စီရင်ချက်၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုပြဿနာ တစ်ရပ်ရပ်အပေါ် (ECHR ၏ အပိုဒ် ၄၆၊ အပိုဒ်ခွဲ ၃) သို့မဟုတ် စီရင်ချက်ကို လိုက်နာရန် ငြင်းဆိုမှုအပေါ် (ECHR ၏ အပိုဒ် ၄၆၊ အပိုဒ်ခွဲ ၄) တရားရုံးက ဆုံးဖြတ်နိုင်သည်။ အချို့သောစာရေးဆရာများအဆိုအရ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲစာချုပ် ၁၄ တွင် ဖော်ပြချက်များအရ နောက်ဆုံးဖြစ်နိုင်ခြေနှစ်ခုသည် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းကို "တရားစီရင်ခြင်း" ဆီသို့ ဦးတည်စေသည်။

ထို့အပြင် ဝန်ကြီးများကော်မတီ (CM) ၏ တောင်းဆိုချက်အရ တရားရုံးသည် အကောင်အထည်ဖော်ဆောင်ရွက်မှုကို အဟန့်အတားဖြစ်စေသော စီရင်ချက်၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုပြဿနာ တစ်ရပ်ရပ်အပေါ် (ECHR ၏ အပိုဒ် ၄၆၊ အပိုဒ်ခွဲ ၃) သို့မဟုတ် စီရင်ချက်ကို လိုက်နာရန် ငြင်းဆိုမှုအပေါ် (ECHR ၏ အပိုဒ် ၄၆၊ အပိုဒ်ခွဲ ၄) တရားရုံးက ဆုံးဖြတ်နိုင်သည်။ အချို့သောစာရေးဆရာများအဆိုအရ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲစာချုပ် ၁၄ တွင် ဖော်ပြချက်များအရ နောက်ဆုံးဖြစ်နိုင်ခြေနှစ်ခုသည် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းကို "တရားစီရင်ခြင်း" ဆီသို့ ဦးတည်စေသည်။

နောက်ဆုံးအနေဖြင့် အကျဉ်းချုပ်ဆိုရလျှင် တရားရုံး၏ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် အချို့သော အခြေခံမှုများသည် အလွန်အသုံးဝင်သည်။

## ၂-၅။ ဥရောပကောင်စီ၏ အခြားသောအဖွဲ့အစည်းများ

အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းစဉ်၌ တိုက်ရိုက်ပါဝင်ပတ်သက်ခြင်း မရှိသော်လည်း လုပ်ငန်းစဉ်အား ကူညီပံ့ပိုးပေးနိုင်သော ဥရောပကောင်စီ၏ အခြားသော အဖွဲ့အစည်းများလည်း ရှိသည်။ ဘရပ်ဆဲလ် ကြေညာစာတမ်းအရ စုပေါင်းညှိနှိုင်းဆောင်ရွက်မှုများ

တိုးမြှင့်လုပ်ဆောင်ခြင်းသည် ကြီးကြပ်ဆောင်ရွက်မှု လုပ်ငန်းစဉ်ကို မြှင့်တင်နိုင်ရေးအတွက် အဓိက အချက်တစ်ခုဖြစ်သည်။

ဥပမာအားဖြင့် ဥရောပကောင်စီ၏ပါလီမန်ညီလာခံ (PACE) သည် ဥရောပကောင်စီ (ဝန်ကြီးများကောင်စီ CMအပါအဝင်) နှင့်အတူ အရေးကြီးပြဿနာများနှင့် စပ်လျဉ်း၍ ဥရောပ တရားရုံး၏ စီရင်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အစီရင်ခံချက် များအား ပုံမှန်ထုတ်ပြန်သည်။ ဤဥရောပကောင်စီ၏ပါလီမန်ညီလာခံ (PACE) ၏ အစီရင်ခံစာ များတွင် PACE ဆုံးဖြတ်ချက်များအပြင် နိုင်ငံများ သို့မဟုတ် နိုင်ငံများ၏ ဥပဒေပြုလွှတ်တော် များမှ တောင်းဆိုသည့် နောက်ထပ်လုပ်ဆောင်ရမည့် လုပ်ငန်းများအပေါ် ချမှတ်မှုသည် (PACE)၏ ဆုံးဖြတ်ချက်များအပြင် ဝန်ကြီးများ ကော်မတီထံ မေးခွန်းများမေးမြန်းခြင်းနှင့် အကြံပြုချက်ပေးခြင်းတို့ပါရှိသည်။

အခြားသောဥပမာတစ်ခုမှာ လွတ်လပ်သော လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့အစည်း တစ်ခုဖြစ်သည့် ဥရောပကောင်စီ၏ လူ့အခွင့်အရေးကော်မရှင်နာ (Council of Europe Commissioner for Human Rights) ဖြစ်သည်။ ထိုအဖွဲ့အစည်းသည် ပြည်တွင်းအာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးများကော်မတီ (CM) ၏ ဆုံးဖြတ်ချက်များအား လိုက်နာအကောင် အထည်ဖော်ဆောင်ရွက်ခြင်းကို ကြီးကြပ်ရသည့် လုပ်ငန်းစဉ်များတွင် အထောက်အပံ့များစွာ ဖြစ်စေသည်။ ဥပမာအားဖြင့် ၂၀၂၀ ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည် ဖော်ဆောင်မှုအား ဝန်ကြီးများကော်မတီမှ ကြီးကြပ်ခြင်းဆိုင်ရာ နည်းဥပဒေ ၉ အရ ဥရောပကောင်စီ၏ လူ့အခွင့်အရေးကော်မရှင်နာသည် ဝန်ကြီးများ ကော်မတီ သို့ သတင်းပေးတင်ပြချက် ၅ ခု ပေးပို့ခဲ့သည်။

ထို့အပြင် ညှဉ်းပန်းနှိပ်စက်မှုနှင့် လူမဆန်သော သို့မဟုတ် ယုတ်ညံ့သော ဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးခြင်း တားဆီးရေးဆိုင်ရာ ဥရောပကော်မတီ (The European Committee for the Prevention of Torture and Inhuman or Degrading Treatment or Punishment (CPT) )၊ လူမျိုးရေးခွဲခြားမှုနှင့် လွပ်လပ်ခွင့်အားချုပ်ခြယ်မှုတို့ကို ဆန့်ကျင်ရေး ဥရောပကော်မရှင် (The European Commission Against Racism and Intolerance (ECRI))၊ ဥရောပ တရားမျှတမှုဆိုင်ရာ ထိရောက်မှုရှိစေရေး ကော်မရှင် (The Council of Europe European Commission for the Efficiency of Justice (CEPEJ))၊ ဗင်းနစ်ကော်မရှင် (Venice Commission)၊ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ (The Group of Experts on Action against Trafficking in Human Beings (GRETA))၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် အိမ်တွင်းအကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်သူအဖွဲ့ (The Group

of Experts on Action against Violence against Women and Domestic Violence (GREVIO)) အစရှိသည့် ဥပရောပကောင်စီ၏ အဖွဲ့အစည်းများမှ တင်သွင်းလာသော အစီရင်ခံစာများကလည်း အချို့သောဆုံးဖြတ်ချက်များအား လိုက်နာအကောင်အထည် ဖော်ဆောင်ရာတွင် အထောက်အကူပေးလျက်ရှိသည်။

ဝန်ကြီးများကော်မတီ (CM) သည် ဥရောပကောင်စီမှ အဆိုပြုထားသည့် အမျိုးမျိုးသော ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များနှင့် ပရောဂျက်များ၏ အားသာချက်များကို ရယူလျှက် နိုင်ငံများကို မကြာခဏ ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

## ၂-၆။ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO) နှင့် ပြည်တွင်းလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ (NHRI) သည် ဆုံးဖြတ်ချက်များအားလိုက်နာ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်တွင် အထူးအရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ ၎င်းတို့သည် ပြည်တွင်း၌ လျှောက်လဲတင်ပြပေးခြင်းမှတစ်ပါး ဆုံးဖြတ်ချက်များအား ပြည်တွင်းလိုက်နာ အကောင်အထည် ဖော်ဆောင်မှုအာမခံပေးရန် ဝန်ကြီးများကော်မတီ (CM) နှင့်လည်း တိုက်ရိုက်ဆက်သွယ်နိုင်ပြီး ဝန်ကြီးများကော်မတီ (CM) ၏ ကြီးကြပ်မှု အခန်းကဏ္ဍကို အကူအညီပေးသည်။ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ နည်းဥပဒေ၏ နည်းဥပဒေ (၉) အရ တင်ပြချက်များပြုခြင်းသည် လိုအပ်သောအရေးယူမှုပုံစံများ သတ်မှတ်ပေးခြင်းနှင့် အကောင်အထည်ဖော်မှုတိုးတက်မှုကို အကဲဖြတ်ခြင်းတို့အတွက် အထူးတန်ဖိုးရှိလှသည်။ ယင်းသို့တင်ပြနိုင်သည့် အဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ဖော်ပြရန်မှာ ကျယ်ပြန့် လွန်းလှသည်။ နည်းဥပဒေ ၉ အရ တင်ပြချက်များထုတ်ပြန်ရန်အတွက် အထူးလုပ်ထုံးလုပ်နည်းလည်းရှိပြီး နိုင်ငံများမှ ထင်မြင်သုံးသပ်ချက်များပေးနိုင်ရေးအတွက် အချိန်နှင့် အခွင့်အလမ်းလည်း ပေးထားသည်။ အချက်အလက်ဆိုင်ရာနှင့် ဥပဒေရေးရာတို့အား စိစစ်ခြင်းမှတစ်ပါး နည်းဥပဒေ ၉ အရ တင်ပြချက်များပြုခြင်းသည် ကော်မတီ၏လုပ်ဆောင်ချက်များအပေါ် တောင်းဆိုမှုများ ပါဝင်နိုင်သည်။ ဝန်ကြီးများကော်မတီ (CM) သည် ဤသို့ အဖွဲ့ အစည်း/ပုဂ္ဂိုလ်များမှ နည်းဥပဒေ ၉ နှင့်အညီ သတင်းတင်ပြချက်များအား ထည့်သွင်းစဉ်းစားပြီး လိုအပ်သည့်အခါ ထိုအကြောင်းအရာများအား ရည်ညွှန်းချက် အထောက်အထားများအဖြစ် အသုံးပြုသည်။

ဝန်ကြီးများကော်မတီ (CM) သည် ၂၀၂၀ ခုနှစ်တွင် အရပ်ဘက်အဖွဲ့အစည်းမှ ကော်မတီများနှင့် ပြည်တွင်းလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်း (NHRI) ကော်မတီတို့မှ နိုင်ငံ ၂၈ နိုင်ငံနှင့် စပ်လျဉ်း၍ တင်ပြလာသည့် သတင်းပေးတင်ပြချက် ၁၇၆ ခုလက်ခံရရှိခဲ့သည်။ ၂၀၁၉

ခုနှစ်တွင် နိုင်ငံ ၂၄ နိုင်ငံနှင့် စပ်လျဉ်း၍ ကော်မတီများမှတင်ပြလာသည့် သတင်းပေးတင်ပြချက် ၁၃၃ ခု လက်ခံ ရရှိခဲ့သည်။

## ၃။ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်း (Execution)

သုတေသီအချို့၏အဆိုအရ "နိုင်ငံအများစုသည် ဥရောပတရားရုံး၏ စီရင်ချက်အများစုကို အပြည့်အဝလိုက်နာသည်" ဟု ဆိုပါသည်။ တစ်ချိန်တည်းမှာပင် ဤစီရင်ချက်များအား လိုက်နာမှုနှင့် အကောင်အထည်ဖော်မှုတို့ကို ထင်သာမြင်သာရှိစွာဖြင့် နည်းစနစ်တကျ စုံစမ်းမေးမြန်းမှုများ မရှိသလောက် နည်းပါးပါသည်။ သို့ရာတွင် ဤစာတမ်း၌ ထပ်မံသုတေသနပြုသင့်သည့် အလွန်စိတ်ဝင်စားဖွယ်ကောင်းပြီး အသုံးဝင်သော ကိစ္စရပ်များကို ထည့်သွင်းရေးသားခွင့်မပြုပါ။ ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် ရည်ရွယ်ရေးသားထားသော ဤစာတမ်းသည် အာဏာပိုင်များက လုပ်ဆောင်သည့်အရာ၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် လိုအပ်သောအစီအမံများကို မည်ကဲ့သို့ခွဲခြားသတ်မှတ်ပုံနှင့် ဤအစီအမံများ မည်သို့လုပ်ဆောင်နိုင်သည်တို့ကိုသာ ဖော်ပြထားမည် ဖြစ်ပါသည်။

### ၃-၁။ စီရင်ချက်များနှင့်ဆုံးဖြတ်ချက်များအား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်

ကွန်ဗင်းရှင်း၏ အပိုဒ် ၄၆(၂) အရ "တရားရုံး၏ အပြီးသတ်စီရင်ချက်ကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုအား ကြီးကြပ်မည့် ဝန်ကြီးများကော်မတီ (CM) ထံ ပေးပို့ရမည်။" လူ့အခွင့်အရေးဆိုင်ရာ ဥရောပကွန်းဗင်းရှင်း (ECHR) အား ချိုးဖောက်ကြောင်း ချမှတ်သည့် တရားရုံး၏ စီရင်ချက်အားလုံးသည် ကော်မတီတစ်ခုပေါ်တွင်ဖြစ်စေ၊ Chamber ၏ စီရင်ချက်ပေါ်တွင်ဖြစ်စေ သို့မဟုတ် Grand Chamber ၏ စီရင်ချက်ပေါ်တွင်ဖြစ်စေ စည်းနှောင်မှုရှိပြီး မဖြစ်မနေ လိုက်နာအကောင်အထည် ဖော်ဆောင်ရမည်ဖြစ်သည်။ သီးခြားအကြောင်းအရာတစ်ခုချင်းအလိုက် တိုင်လျှောက်လွှာများနှင့်စပ်လျဉ်း၍ ချမှတ်သည့် စီရင်ချက်များအား အဖွဲ့ဝင်နိုင်ငံအချင်းချင်းအကြား ဖြစ်ပွားသည့် အမှုကိစ္စရပ်များကဲ့သို့ သဘောထားဆောင်ရွက်ကြသည်။

ဝန်ကြီးများကောင်စီ (CM) သည် လူ့အခွင့်အရေးဆိုင်ရာ ဥရောပကွန်းဗင်းရှင်း (ECHR)၏ အပိုဒ် ၃၉ ကိုအခြေခံ၍ ဥရောပတရားရုံး၏ ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည့် ချစ်ကြည်ရင်းနှီးစွာဖြေရှင်းခြင်း နည်းလမ်းပါ စည်းကမ်းသတ်မှတ်ချက်များကို အကောင်အထည်ဖော်ခြင်းကိုလည်း ကြီးကြပ်ဆောင်ရွက်သည်။ ထိုသို့သော ချစ်ကြည်ရင်းနှီးစွာဖြေရှင်းခြင်း နည်းလမ်းတွင် သီးခြားတာဝန်အတိအကျ သတ်မှတ်၍ ဖြေရှင်းသည့်နည်းလမ်းလည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် သီးခြားတာဝန် အတိအကျသတ်မှတ်ခြင်း မရှိသည်လည်းဖြစ်နိုင်သည်။ သီးခြားတာဝန်

အတိအကျ သတ်မှတ်၍ ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းခြင်းနည်းလမ်းတွင် ငွေပေးချေမှုတာဝန်အပြင် သီးခြားအကြောင်းအရာတစ်ခုချင်းအလိုက်အစီအမံများ အရေးယူမှုတစ်ခုချင်း သို့မဟုတ် အထွေထွေအစီအမံများကိုပါ ဆောင်ရွက်ရန် ကတိကဝတ်များပါရှိသည်။

တရားစွဲဆိုခံရသည့်နိုင်ငံက အမှုရုပ်သိမ်းပေးရန် တစ်ဖက်သတ် လျှောက်ထားကြေငြာသည့် (Unilateral Declaration) အမှုများ၌ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးများကော်မတီက ကြီးကြပ်ခြင်းမပြုရဘဲ လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံးက တိုက်ရိုက်ကြီးကြပ်ရသည်။

## ၃-၂။ အစီအမံများ (Measures) သတ်မှတ်ချမှတ်ခြင်း

လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံး (ECtHR) ၏ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ရန်အတွက် နိုင်ငံအသီးသီးသည် သီးခြားအကြောင်းအရာအလိုက်အစီအမံများ (Individual Measures) နှင့် အထွေထွေအစီအမံများ (General Measures) ချမှတ်ရပါသည်။ သီးခြားအကြောင်းအရာအလိုက်အစီအမံများ (Individual Measures) ချမှတ်ရာတွင် နစ်နာသူအား ကျေနပ်စေမည့်လျော်ကြေး (ရှိပါက) ပေးဆောင်ရုံသာမက ချိုးဖောက်မှုကို ရပ်တန့်ရမည်ဖြစ်ကာ နစ်နာသူအား ချိုးဖောက်မှုမဖြစ်မီက အခြေအနေအတိုင်း ပြန်လည်ထားရှိနိုင်ရေးကို တတ်နိုင်သမျှ ဆောင်ရွက်ပေးရမည်။ ထိုအစီအမံများတွင် အသစ်အသစ်သော ချိုးဖောက်မှုများကို တားဆီးသည့် သို့မဟုတ် ဆက်လက်ချိုးဖောက်မှုများကို အဆုံးသတ်စေသည့် အစီအမံများပါဝင်ရသည်။

နိုင်ငံ၏ အဓိကတာဝန်မှာ သီးခြားအကြောင်းအရာအလိုက်အစီအမံများ (Individual Measures) နှင့် အထွေထွေအစီအမံများ (General Measures) ကို သတ်မှတ် ဖော်ထုတ်ရန်ဖြစ်သည်။ ဥရောပတရားရုံး၏ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ရေးဌာန (DEJ) သည် ဤကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံများအား အကူအညီပေးနိုင်သည်။ သက်ဆိုင်ရာ နိုင်ငံသည် လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံး (ECtHR)နှင့် ဝန်ကြီးများ ကော်မတီ (CM) တို့၏ ရပ်တည်ချက်၊ လျှောက်ထားသူများထံမှ သတင်းအချက်အလက်များ၊ အရပ်ဘက် အဖွဲ့အစည်းများမှ အချက်အလက်များအပြင် ဥရောပကောင်စီ အဖွဲ့အစည်းအသီးသီးမှ ကျွမ်းကျင်သူများ၏ ထင်မြင်ယူဆချက်များနှင့် အခြားသောနိုင်ငံတွင်း အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ၏ အမြင်များကို ထည့်သွင်း စဉ်းစားရသည်။

ယင်းသို့ အစီအမံများကို ချမှတ်ဖော်ထုတ်ရာတွင် သက်ဆိုင်ရာနိုင်ငံသည် အထက်ဖော်ပြပါ Principle of Subsidiarity မူသဘောတရားပါဝင်သည့် အခြေခံမူ အချို့နှင့်အညီ ဆောင်ရွက်

ရသည်။ ထို့ကြောင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပကွန်ဗင်းရှင်း (ECHR) ကို ဖောက်ဖျက်ကြောင်း လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး (ECtHR) က ချမှတ်သည့် စီရင်ချက်တစ်ရပ်ကို လိုက်နာရမည့် နည်းလမ်းများကို နိုင်ငံများသည် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိသည်။ ထိုကဲ့သို့ စီရင်ချက်များကို အကောင်အထည်ဖော်ဆောင်မည့် အစီအမံအား မိမိနိုင်ငံအလိုက် ကိုယ်ပိုင်ဆုံးဖြတ်စီမံခွင့်ပေးခြင်းသည် ကွန်ဗင်းရှင်းတွင် ပါရှိသော အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အာမခံထားရန်မှာ အဖွဲ့ဝင်နိုင်ငံများ၏ အဓိကတာဝန်ရှိမှု ဖြစ်ကြောင်း ထင်ဟပ်စေသည်။ သို့ရာတွင် ဤသို့နိုင်ငံအလိုက် အစီအမံများ လွတ်လပ်စွာ ချမှတ်ဆောင်ရွက်ခွင့်ကို လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံး (ECtHR) ၏ စီရင်ချက်ပါစကားရပ်များဖြင့်လည်းကောင်း၊ ပဏာမဆင်ခြင်စဉ်းစားမှု စီရင်ချက်အရလည်းကောင်း၊ ဝန်ကြီးများကော်မတီ (CM) မှ လိုက်နာအကောင်အထည်ဖော်ဆောင်ခြင်းအပေါ် ကြီးကြပ်မှုဖြင့် လည်းကောင်း ကန့်သတ်ထိန်းချုပ်ထားသည်။

ထို့အပြင် တိုက်ရိုက်အကျိုးသက်ရောက်မှုနိယာမသဘောတရား (Principle of Direct Effect) အရ နိုင်ငံတစ်နိုင်ငံအပေါ် ချမှတ်သည့် ဥရောပတရားရုံး၏အဆုံးအဖြတ်များသည် ထိုနိုင်ငံ၏ ပြည်တွင်းဥပဒေနှင့်ဆန့်ကျင်နေစေကာမူ ထိုနိုင်ငံက လိုက်နာဆောင်ရွက်ရမည်။ ဝန်ကြီးများကော်မတီ (CM) သည် ဤသဘောတရားကို အကြိမ်ကြိမ်အခါခါ ရည်ညွှန်း ဖော်ပြလေ့ရှိသည်။ အမှုကိစ္စနှင့်စပ်လျဉ်း၍ အရေးကြီးသော သတင်းရင်းမြစ်၊ အချက်အလက်များကို ပေးစွမ်းနိုင်ပါက ကွန်ဗင်းရှင်းကို ချိုးဖောက်မှုမရှိကြောင်း သို့မဟုတ် ထိုအမှုကိစ္စကို ကြားနာဆုံးဖြတ်ရန် မလိုကြောင်း ဆုံးဖြတ်ချက်များချမှတ်နိုင်သည်ကို အာဏာပိုင်များက ထည့်သွင်းစဉ်းစားရသည်။

### ၃-၃။ **သီးခြားအကြောင်းအရာအလိုက်အစီအမံများ - လျှော့ကျထားသူများအား ပြန်လည်ကုစားပေးခြင်း**

### ၃-၃-၁။ **နစ်ဖက်ကျေနပ်မှုရှိရုံသက်သက် (Just Satisfaction)**

လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံး (ECtHR) သည် ကွန်ဗင်းရှင်းအားချိုးဖောက်ကြောင်း အဆုံးအဖြတ်ပြုပြီးနောက် လူ့အခွင့်အရေးဆိုင်ရာဥရောပကွန်ဗင်းရှင်း (ECHR) ၏ အပိုဒ် ၄၁ အရ ငွေကြေးဆိုင်ရာနစ်နာမှု သို့မဟုတ် ငွေကြေးမဟုတ်သည့်နစ်နာမှုတို့အတွက် လျှော့ကျထားသူအား ကျေနပ်မှုရှိစေရန် မျှတသော လျော်ကြေးပေးနိုင်သည်။ ဤသို့လျော်ကြေးပေးရခြင်း၏ ရည်ရွယ်ချက်မှာ ချိုးဖောက်မှု၏ အကျိုးဆက်နစ်နာမှုများကို လျော်ကြေးပေးရန်ဖြစ်ပြီး နိုင်ငံအား အပြစ်ပေးရန် ရည်ရွယ်ခြင်းမဟုတ်ပေ။

လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးသည် ငွေကြေးဆိုင်ရာ နစ်နာမှုများ၊ ငွေကြေးဆိုင်ရာ မဟုတ်သော နစ်နာမှုများနှင့် လျှောက်ထားသူကျခံသုံးစွဲခဲ့ရသည့် အသုံးစရိတ် ကုန်ကျမှုများအား လျော်ကြေးပေးဆောင်ရန်သတ်မှတ်နိုင်သည်။ သို့ရာတွင် အဆိုပါ အချက်သုံးချက်ကို အတိအကျအကဲဖြတ်ရန် ခက်ခဲသောအခါ တရားရုံးသည် စုစုပေါင်း တစ်နည်းအားဖြင့် ၎င်းတိုး ကုန်ကျစရိတ်အပါအဝင် အလုံးစုံသောငွေပမာဏကို လျော်ကြေးပေးဆောင်စေရန် သတ်မှတ်နိုင်သည်။

အဆိုပါလျော်ကြေးသည် အပြီးသတ်စီရင်ချက်ချမှတ်ပြီးနောက် သုံးလအတွင်း သို့မဟုတ် ချစ်ကြည်ရေးနည်းလမ်းဖြင့် ဖြေရှင်းမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို လက်ခံသည့် ဆုံးဖြတ်ချက်ကို ပေးပို့ပြီးနောက် သုံးလအတွင်း ပေးချေရမည်ဖြစ်သည်။ ငွေပေးချေခြင်း မရှိပါက ပျက်ကွက်မှုအတွက် အတိုးကို ပေးဆောင်ရမည်။ ထိုသို့ အတိုးငွေ ပေးဆောင်ရခြင်းသည် ပြစ်ဒဏ်အဖြစ်မဟုတ်ဘဲ နစ်ဖက်ကျေနပ်မှု ရရှိစေခြင်းအား တန်ဖိုးထားတတ်စေရန် ဖြစ်သည်။

**၃-၃-၂။ အခြားသီးခြားအကြောင်းအရာ တစ်ခုချင်းအလိုက် အစီအမံများ**

တစ်ခါတစ်ရံ၌ အာဏာပိုင်များသည် လျော်ကြေးပေးဆောင်စေရုံသာမကဘဲ နိုင်ငံအလိုက် အခြားသီးခြားအစီအမံများကိုလည်း ချမှတ်ပေးရမည်။ နိုင်ငံများက အကောင်အထည်ဖော်နိုင်သည့် ကိုယ်ပိုင်အစီအမံများအား လွတ်လပ်စွာချမှတ်ဆောင်ရွက်ခွင့်ပေးထားပြီး ၎င်းတို့၏ ရွေးချယ်မှုသည် အမှုကိစ္စ၏ အခြေအနေများပေါ်တွင်မူတည်၍ အမျိုးမျိုးဖြစ်နိုင်သည်။ ဥပမာအားဖြင့်-

(က) ပြည်တွင်းတရားစီရင်ရေးလုပ်ငန်းစဉ်များ ပြန်လည်ဖွင့်လှစ်ခြင်း၊

(ခ) စုံစမ်းစစ်ဆေးမှု ပြန်လည်စတင်ခြင်း၊

(ဂ) ထောင်တွင်းအခြေအနေများ ပြောင်းလဲခြင်း၊

(ဃ) ရာထူးနေရာပြန်လည်ခန့်အပ်ခြင်း၊

(င) ပိုင်ဆိုင်မှုအား မူလပိုင်ရှင်ထံပြန်လည်ပေးအပ်ခြင်း၊

(စ) ကာလရှည်ကြာသောတရားစွဲဆိုမှုများကို အရှိန်မြှင့်၍ စစ်ဆေးစီရင်ခြင်း သို့မဟုတ် ရပ်စဲခြင်း၊

(ဆ) မိသားစုပြန်လည်ပေါင်းစည်းစေခြင်း၊

(ဇ) ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ဖျက်ဆီးခြင်း၊

(ဈ) ဥပဒေနှင့်မညီဘဲ ဖမ်းဆီးခံထားရသူအား လွတ်ငြိမ်းခွင့်ပြုခြင်း။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တစ်ခါတစ်ရံတွင် လူ့အခွင့်အရေးဆိုင်ရာ ဥရောပ တရားရုံး (ECtHR) ၏ စီရင်ချက်များတွင် သီးခြားအကြောင်းအရာတစ်ခုချင်းအလိုက် အစီအမံများ (Individual Measure) အပါအဝင် သီးခြားအစီအမံများလည်း ပါရှိနိုင်သည်။

တစ်ခါတစ်ရံ၌ နောက်ပြန်လှည့်၍မရသော ထိခိုက်မှုအန္တရာယ် (မူလအနေအထား အတိုင်း ပြန်လည်မရရှိနိုင်လောက်အောင်ဖြစ်ပွားသည့် ထိခိုက်မှုအန္တရာယ်) ရှိလာသောအခါ အမှုစွဲဆို လျှောက်ထားခံရသည့်နိုင်ငံအား အမှုအကြောင်းအရာအလိုက် အရေးပေါ်အစီအမံများ ချမှတ်ရန် ဝန်ကြီးများ ကော်မတီ (CM) မှ တောင်းဆိုနိုင်သည်။ ဥပမာအားဖြင့် လျှောက်ထားသူသည် နိုင်ငံတစ်ခုသို့ ပြောင်းရွှေ့ပေးရန် ဆိုင်းငံ့ထားခြင်းခံရသည့် အခြေအနေမျိုးတွင် ဘေးအန္တရာယ် ကြုံတွေ့ရနိုင်ပါက သက်ဆိုင်ရာနိုင်ငံသည် အရေးပေါ် အစီအမံချမှတ်ပေးရသည်။

### ၃-၃-၃။တရားစွဲဆိုမှုပြန်လည်ဖွင့်လှစ်ခြင်း

တရားစွဲဆိုမှုပြန်လည်ဖွင့်လှစ်ခြင်းသည် သီးခြားအကြောင်းအရာတစ်ခုချင်းအလိုက် အစီ အမံ အမျိုးမျိုးအနက်မှ တစ်ခုသာ ဖြစ်သော်လည်း ပိုမိုအသေးစိပ်သည်။

ကနဦး၌ ပြည်တွင်းတရားစီရင်ရေးဆိုင်ရာတရားစွဲဆိုမှုများကို ပြန်လည်ဖွင့်လှစ်ခြင်းသည် ခြွင်းချက်အစီအမံတစ်ခုဖြစ်သော်လည်း ယခုအခါ ၎င်းသည် တရားရုံး၏ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နစ်နာသူအား မူလအခြေအနေ၊ ယခင်အနေ အထားအတိုင်း ပြန်လည်ရောက်ရှိစေနိုင်သည့် (အချို့ကိစ္စများတွင် တစ်ခုတည်းသော) ယန္တရားတစ်ခုဖြစ်လာသည်။ ဤသို့ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူ့အခွင့်အရေး ဆိုင်ရာ ဥရောပတရားရုံး၏ ဆုံးဖြတ်ချက်အား လိုက်နာအကောင်အထည် ဖော်ဆောင်ရာတွင် မိမိတို့၏ နိုင်ငံတွင်း၌ ပြည်တွင်းဥပဒေနှင့်အညီ တရားစီရင်မှုများကို ပြန်လည်ဖွင့်လှစ် စီရင်နိုင်စေရေးအတွက် ၂၀၀၀ ပြည့်နှစ်တွင် ဝန်ကြီးများကော်မတီ (CM) သည် အဖွဲ့ဝင် နိုင်ငံများသို့ အကြံပြုချက်ပေးပို့ခဲ့သည်။

သို့ရာတွင် အမှုအားလုံး၌ ထိုကဲ့သို့ ပြည်တွင်းတရားစီရင်မှုများ ပြန်လည်ဖွင့်လှစ် ဆောင်ရွက်ရန် မလိုအပ်ပေ။ တရားစွဲဆိုသူသည် လူ့အခွင့်အရေးဆိုင်ရာ ဥရောပကွန်ဗင်းရှင်း (ECHR)အား ချိုးဖောက်မှု၏ နောက်ဆက်တွဲဆိုးကျိုးများကို ဆက်လက်ခံစားရပြီး တရားမျှတစွာ လျော်ကြေးပေးကျေနပ်စေရုံမျှဖြင့် ၎င်း၏နစ်နာမှုကို လုံလောက်စွာကုစား၍ မရပါက အမှု ပြန်လည်ဖွင့်လှစ်ရန် လိုအပ်သည်။ ထိုသို့သော အမှုကိစ္စမျိုးတွင် ပြည်တွင်းတရား စီရင်မှုများ ပြန်လည်ဖွင့်လှစ် ဆောင်ရွက်ရသည်။ ထိုအမှုကိစ္စမျိုးမှာ အများအားဖြင့် ကွန်ဗင်းရှင်း အပိုဒ် ၆ ပါ

လုပ်ထုံးလုပ်နည်းဆိုင်ရာပြဋ္ဌာန်းချက်များအားချိုးဖောက်ကြောင်း သို့မဟုတ် ပြည်တွင်း၌ ချမှတ်သည့် ဆုံးဖြတ်ချက်များသည် ကွန်ဗင်းရှင်း၏ အပိုဒ် ၈ မှ အပိုဒ် ၁၁ ပါ အခွင့်အရေးများအား ချိုးဖောက်ကြောင်း လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးက စိစစ်တွေ့ရှိရသည့် အမှုကိစ္စများ ဖြစ်သည်။

ဆိုလိုသည်မှာ ကွန်ဗင်းရှင်းပါ အခွင့်အရေးများကို ချိုးဖောက်မှုများအတွက် ရာဇဝတ်မှုဆိုင်ရာကိစ္စရပ်များအား အမှုပြန်လည်ဖွင့်လှစ်ခြင်းဖြင့် သံသယဖြစ်ဖွယ် ဆုံးဖြတ်ချက်ကို ပယ်ဖျက်ခြင်းဆီသို့ ဦးတည်ရမည်ဖြစ်သည်။ အများအားဖြင့် တရားသေလွှတ်ခြင်း သို့မဟုတ် တရားစွဲခြင်းများကို ရပ်ဆိုင်းခြင်းတို့ ဆောင်ရွက်နိုင်သည်။ လုပ်ထုံးလုပ်နည်းများ ချိုးဖောက်မှုများကြောင့် အမှုပြန်လည်ဖွင့်လှစ်ခြင်းသည် လျှောက်ထားသူအား တရားသေလွှတ်ခြင်းသို့ ဦးတည်သွားနိုင်သော်လည်း ၎င်းအား ပြစ်မှုထင်ရှားစီရင်ခံရခြင်းလည်း ဖြစ်ပေါ် နိုင်သည်။

အချို့သောအခြေအနေများတွင် အမှုပြန်လည်ဖွင့်လှစ်၍ မရနိုင်ခြင်း သို့မဟုတ် အမှုပြန်လည်ဖွင့်လှစ်ဆောင်ရွက်သော်လည်း မျှော်မှန်းထားသည့် ရလဒ်များ ထွက်ပေါ်မလာနိုင်သည့် ထူးခြားသော အခြေအနေမျိုး ရှိနိုင်သည်။ ထိုသို့သောအခြေအနေမျိုးတွင် လျှောက်ထားသူ၏ အခြေအနေအား ကုစားပေးရန်အတွက် အခြားသောအစီအမံများအား သက်ဆိုင်ရာနိုင်ငံမှ ချမှတ်ပေးရန် လိုအပ်နိုင်သည်။

တစ်ခါတစ်ရံ၌ တရားမမှုများကို ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရာတွင် အတားအဆီးများ ရှိတတ်သည်။ ထိုသို့သောအမှုကိစ္စများတွင် အမှုများကို ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ခြင်းအစား တရားရုံးက တရားမျှတစွာဖြင့်ကျေနပ်စေလောက်သော လျော်ကြေးပေးဆောင်စေခြင်းအပြင် ထပ်တိုးလျော်ကြေးအားပေးဆောင်စေခြင်း သို့မဟုတ် အခြားသောနည်းလမ်းများဖြင့် အစားထိုးဆောင်ရွက်နိုင်သည်။

## ၃-၄။ အထွေထွေအစီအမံများ - အလားတူချိုးဖောက်မှုများအား တားဆီးကာကွယ်ခြင်း

### ၃-၄-၁။ ခြုံငုံသုံးသပ်ချက်

လူ့အခွင့်အရေးဆိုင်ရာဥရောပကွန်ဗင်းရှင်းကို ချိုးဖောက်မှုများကို တားဆီး ခြင်းအား အမှု၏အခြေအနေနှင့် တရားစွဲဆိုခံရသည့်နိုင်ငံ၏ တရားစီရင်ရေးစနစ်ပေါ်တွင် မူတည်ပြီး နည်းလမ်းအမျိုးမျိုးဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်သည်။ တစ်ခါတစ်ရံတွင် လူ့အခွင့်အရေးဆိုင်ရာဥရောပကွန်ဗင်းရှင်းကို ချိုးဖောက်သည့်အကြောင်းအရာများ တူညီကြသော်လည်း နိုင်ငံအသီးသီး၌ မတူညီသောနည်းလမ်းများဖြင့် ကုစားနိုင်သည်။

အချို့သော ကိစ္စများတွင် ဥရောပတရားရုံးစီရင်ချက်၏ တိုက်ရိုက်အကျိုး သက်ရောက်မှုကြောင့် သက်ဆိုင်ရာနိုင်ငံ၏ တရားစီရင်ရေးအလေ့အထများကို ပြောင်းလဲခြင်းဖြင့် လိုက်နာအကောင်အထည်ဖော်မှု အောင်မြင်ပြီးဆုံးသည်။ အချို့သောကိစ္စများတွင်မူ လိုက်နာအကောင်အထည် ဖော်ဆောင်ခြင်းသည် သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်ပင် လိုအပ်နိုင်သည်။

လိုအပ်သော အစီအမံများ၏ အတိုင်းအတာသည် ပြဿနာရှုပ်ထွေးမှု အခြေအနေအပေါ် မူတည်သည်။ ဥပမာအားဖြင့် အကျဉ်းထောင်များတွင် လူများပြည့်သိပ်နေခြင်း သို့မဟုတ် တရားရုံးများတွင် တရားစွဲဆိုရာ၌ အလွန်အမင်း ကာလကြာရှည်လွန်းလှခြင်း ကဲ့သို့သော ပြဿနာများကို ဖြေရှင်းရန်အတွက် ကျယ်ပြန့်သော အစီအမံအမျိုးမျိုးကို ချမှတ်အကောင်အထည် ဖော်ရမည်။

ယေဘုယျအားဖြင့် အထွေထွေအစီအမံများဆိုသည်မှာ ဥပဒေပြုရေးဆိုင်ရာ အပြောင်းအလဲများ၊ ပြည်တွင်း စီရင်ထုံးဥပဒေဆိုင်ရာအပြောင်းအလဲများ၊ စီမံအုပ်ချုပ်မှု အလေ့အထဆိုင်ရာ ပြောင်းလဲမှုများ၊ အသိပညာပေးခြင်းများ သို့မဟုတ် လက်တွေ့ကျသော အစီအမံများ ဖြစ်သည်။

## ၃-၄-၂။ ပြည်တွင်းကုစားမှုများ

ကွန်ဗင်းရှင်းကို ချိုးဖောက်သည်ဟု တရားစွဲဆို ခံရသည့်နိုင်ငံ၏ ပြည်တွင်းအာဏာပိုင်များမှ ကုစားမှုပေးရမည် ဆိုသည့်အချက်သည် ပထမဆုံးအချက်ဖြစ်သည်။ ထိုသို့ ကုစားမှုပေးခြင်းသည် ဖြစ်ရိုးဖြစ်စဉ်ဖြစ်တတ်သော ပြဿနာများကို လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးသို့ အကြိမ်ကြိမ် တရားစွဲဆိုလျှောက်ထားမှုများ မဖြစ်အောင် တားဆီးရေးအတွက် အရေးပါလှပေသည်။

အများအားဖြင့် ပြည်တွင်းကုစားမှုများကို စတင်ကျင့်သုံးဆောင်ရွက်ရာတွင် ဥပဒေအသစ်ပြဋ္ဌာန်း အတည်ပြုရန် လိုအပ်သည်။ တစ်ခါတစ်ရံ၌ ပါလီမန်၏ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ တူညီသောရည်မှန်းချက်ပန်းတိုင်သို့ ရောက်နိုင်သည်။ ဥပမာအားဖြင့် ပြည်တွင်းတရားစီရင်ရေးအလေ့အထကို ပြင်ဆင်ခြင်းနှင့် ကျင့်သုံးဆဲကုစားမှုများကို စိန်ခေါ်မှုအသစ်များနှင့် ဆီလျော်အောင် ပြုပြင်ခြင်းတို့ လုပ်ဆောင်နိုင်သည်။

နိုင်ငံများစွာသည် ကျူးလွန်မှုများအပေါ် တရားစွဲဆိုမှုအားလုံးကို တုံ့ပြန်နိုင်သည့် ယေဘုယျ ကုစားမှုတစ်ရပ်ကို ရွေးချယ်ခဲ့ကြသည်။ ၎င်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တစ်ဦးချင်းတိုင်လျှောက်ပိုင်ခွင့် ပေးအပ်ထားခြင်းဖြစ်သည်။ အချို့သောနိုင်ငံများသည် သီးခြားပြဿနာများအား စနစ်တကျ တုံ့ပြန်နိုင်ရန် စီမံထားသည်။ လွတ်လပ်ခွင့်ဆုံးရှုံးခြင်း၊

ရဲကလူကိုသေစေလောက်သော အင်အားသုံးမှုနှင့် ပတ်သက်၍ တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးခြင်း၊ အချုပ်ခန်း၌နှိပ်စက်ခြင်း၊ ပြည်တွင်းတရားရုံးများ၏ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်မှုမရှိခြင်း အစရှိသော သီးခြားကိစ္စရပ်များတွင် ပြည်တွင်းကုစားမှုများဖြင့် ဖြေရှင်းကြသည်။

မကြာခဏဆိုသလို ကုစားမှုစနစ်နှစ်ရပ်သည် ယှဉ်တွဲတည်ရှိနေပေသည်။ ဥပမာအားဖြင့် အကျဉ်းချသည့် အနေအထား ညံ့ဖျင်းဆိုးရွားခြင်းအား (ကြိုတင်ကာကွယ်မှုရှုထောင့်အရ) ပြည်တွင်းကုစားမှု နည်းလမ်းများချမှတ်၍ ဆက်လက်မဖြစ်ပေါ်စေရန် ဆောင်ရွက်သင့်သည်။ ကျူးလွန်မှု ပြီးဆုံးသွားပါက (လျော်ကြေးပေးသည့် ရှုထောင့်အရ) ဖြစ်ပေါ်ပြီးသော ကျူးလွန်မှုအတွက် လျော်ကြေးပေးဆောင်သင့်သည်။

## ၄။ ကြီးကြပ်ဆောင်ရွက်မှု

စီရင်ချက်များအား လိုက်နာအကောင်အထည်ဖော်မှုကို ကြီးကြပ်မှုသည် ဥရောပကွန်ဗင်းရှင်း၏ အပိုဒ် ၃၉ နှင့် အပိုဒ် ၄၆ တို့ဖြင့် အမိကစပ်ဆိုင်လျက်ရှိပြီး အကောင်အထည်ဖော်ရေးဆိုင်ရာနည်းဥပဒေများ၊ ဝန်ကြီးများကော်မတီ (CM) ၏ လုပ်ထုံးလုပ်နည်းများ ဆိုင်ရာနည်းဥပဒေများ၊ ၂၀၁၀ ခုနှစ်တွင် ဝန်ကြီးများကော်မတီ (CM)က ရေးသွင်းသည့် မှတ်တမ်းများ၊ လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံး၏ နည်းဥပဒေများနှင့်လည်း သက်ဆိုင်ပါသည်။ ၂၀၁၆ ခုနှစ်တွင် ဝန်ကြီးများကော်မတီ (CM) ၏ ကိုယ်စားလှယ်အဖွဲ့သည် ဤနည်းဥပဒေများနှင့် လက်တွေ့လုပ်ဆောင်လျက်ရှိသည့် အလေ့အထအချို့ကို အကျဉ်းချုပ်၍ဖော်ပြခဲ့သည်။

ဆုံးဖြတ်ချက်များအား လိုက်နာအကောင်အထည်ဖော်ရေးအတွက် ဦးတည်ကျင်းပသည့် ဝန်ကြီးများကော်မတီ (CM) အစည်းအဝေးများ သို့မဟုတ် ဝန်ကြီးများကော်မတီ၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စများကို ဆွေးနွေးသည့် အစည်းအဝေးများ (CM-DH Meeting) သည် ကြီးကြပ်ဆောင်ရွက်မှုအတွက် ဗဟိုအချက်အခြာကျသည့် အစည်းအဝေးများ ဖြစ်ကြသည်။ ထိုအစည်းအဝေးများကို တစ်နှစ်လျှင် လေးကြိမ် (မတ်လ၊ ဇွန်လ၊ စက်တင်ဘာလ၊ ဒီဇင်ဘာလ) တို့တွင် ကျင်းပပြီး တစ်ကြိမ်ကျင်းပလျှင် အနည်းဆုံး သုံးရက်ကြာပေသည်။ အစည်းအဝေးများအတွင်း ကော်မတီသည် အထူးကိစ္စရပ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တိုးတက်မှုအခြေအနေကို ပြန်လည်သုံးသပ်ပြီး လုပ်ငန်းစဉ်တစ်ခုလုံး အဆင်ပြေချောမွေ့စေရန် ဆုံးဖြတ်ချက်များ ချမှတ်သည်။ ဥပမာအားဖြင့် တရားစွဲဆိုခံရသည့် နိုင်ငံအား အကြံပြုချက်များ သို့မဟုတ် သုံးသပ်ချက်များနှင့်အတူ အားပေးတိုက်တွန်းခြင်း သို့မဟုတ် အထောက်အပံ့ပေးခြင်း သို့မဟုတ် ထိုနိုင်ငံ၏အရေးကိစ္စအား အလေးထားကြောင်း ဖော်ပြခြင်း တို့ဖြစ်ပါသည်။ ပိုမိုအရေးပါသော ဆုံးဖြတ်ချက် ပုံစံတစ်မျိုးမှာ ကြားဖြတ်ဆုံးဖြတ်ချက်ချခြင်း ဖြစ်သည်။

ဝန်ကြီးများကော်မတီ (CM) သည် အများအားဖြင့် အများ၏သဘောဆန္ဒတူညီမှုအရ (Consensus) ဆုံးဖြတ်ချက်များကို ချမှတ်သော်လည်း သဘောထားမတူညီသည့်ကိစ္စရပ်မျိုးတွင် အများဆုံးသော ထောက်ခံမဲဆန္ဒဖြင့် (a Qualified Majority) ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်။

ဝန်ကြီးများကော်မတီ (CM) သည် ကြီးကြပ်ရသော အမှုအခင်း အလွန်များပြားသောကြောင့် ၎င်း၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စများကို ဆွေးနွေးသည့် အစည်းအဝေးများ (CM-DH Meeting) ၌ အလွန်အရေးကြီးပြီး အထူးလုပ်ဆောင်ရန် လိုအပ်သည့် အမှုကိစ္စများကိုသာ ရွေးချယ်ဆုံးဖြတ် ဆောင်ရွက်သည်။ ဥပမာအားဖြင့် ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ကျင်းပသည့် အစည်းအဝေး၌ အမှုကိစ္စ ၄၄ မှုကို လက်ခံဆောင်ရွက်သည်။ ၂၀၂၀ ခုနှစ်၌ ကျင်းပသည့်အစည်းအဝေး ၄ ခု၌ နိုင်ငံပေါင်း ၂၈ နိုင်ငံနှင့်သက်ဆိုင်သည့် အမှုပေါင်း ၁၃၁ မှုအတွက် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ (၁၀) နှစ်တာ ကာလအတွင်း ဆုံးဖြတ်ချက်ပေါင်း ၉၁၉ ခုကို ချမှတ်ခဲ့သည်။

ဝန်ကြီးများကော်မတီ (CM) သည် အပတ်စဉ်နီးပါးကျင်းပသည့် ၎င်း၏ပုံမှန်အစည်းအဝေးများတွင် အထူးသီးသန့်ကိစ္စများကို ကိုင်တွယ်ဖြေရှင်းနိုင်သည်။

ခဲရာခဲဆစ်ပြဿနာများပါဝင်သည့်အမှုကိစ္စများအား ဆုံးဖြတ်ချက်မချမီ အခြေအတင်ဆွေးနွေးခြင်းပြုရပြီး အခက်အခဲပြဿနာနည်းပါးသော အမှုကိစ္စများကိုမူ အခြေအတင်ဆွေးနွေးခြင်းမပြုဘဲ စစ်ဆေးသည်။

ကြီးကြပ်မှုလုပ်ငန်းစဉ်အဆင့်များခွဲခြားရာတွင် အမှုအသစ်များအား အမျိုးအစားခွဲခြားခြင်းနှင့် ဦးစားပေးအဆင့်သတ်မှတ်ခြင်း၊ ငွေပေးချေမှုမှတ်ပုံတင်ခြင်း၊ အရေးယူဆောင်ရွက်မှုစီမံချက်အားအကဲဖြတ်ခြင်း၊ အဆိုပါအရေးယူဆောင်ရွက်မှုစီမံချက်အား အချိန်နှင့်တပြေးညီ အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရေးအတွက် လိုအပ်ပါက တွန်းအားပေးခြင်း၊ အထူးသဖြင့် ကျူးလွန်ခံရသူများနှင့် NGO အဖွဲ့အစည်းများမှ တင်ပြချက်များအပေါ် ဂရုပြု၍ အရေးယူဆောင်ရွက်မှု အစီရင်ခံစာကို အကဲဖြတ်ခြင်း၊ အမှုပိတ်သိမ်းခြင်း စသည်ဖြင့် အဆင့်များခွဲခြားနိုင်သည်။ ကြီးကြပ်မှုဆိုင်ရာ အထောက်အထားစာရွက်စာတမ်း အများစုကို အများပြည်သူသိရှိစေရန် ထုတ်ပြန်သည်။

### ၄-၁။ အမှုအသစ်များအား အမျိုးအစားခွဲခြားခြင်းနှင့် ဦးစားပေးအဆင့်သတ်မှတ်ခြင်း

ကနဦးအနေဖြင့် ဝန်ကြီးများကော်မတီ (CM) သည် စီရင်ချက်များကိုလိုက်နာ အကောင်အထည်ဖော်ဆောင်ရေးဌာန (DEJ)၏ အကြံပြုချက်ကိုအခြေခံ၍ အသစ်တင်သွင်းလာသည့်

အမှုတစ်ခုကို စီရင်ထုံးပြုရသည့်အမှု (Leading Case) သို့မဟုတ် ယခင်အမှုများနှင့်ပုံစံတူအမှု (Repetitive Case) ဖြစ်ကြောင်း သတ်မှတ်ပေးရသည်။ စီရင်ထုံးပြုရသည့်အမှု (Leading Case) များသည် ပြဿနာအသစ်များနှင့် စပ်လျဉ်းသည့် အမှုကိစ္စများဖြစ်သည်။ ထိုအမှုမျိုး၌ သက်ဆိုင်ရာနိုင်ငံသည် နောင်တွင် အလားတူချိုးဖောက်မှုများကို တားဆီးရန်အတွက် အထွေထွေ အစီအမံအသစ်များ ချမှတ်ရန်လိုအပ်သည်။ ဝန်ကြီးများကော်မတီ (CM) သို့ ယခင်က တင်ပြထားပြီးဖြစ်သော အမှုကိစ္စတစ်ရပ် သို့မဟုတ် အမှုကိစ္စများတွင် ပါဝင်သည့် ပြဿနာများနှင့် စပ်လျဉ်းသည့် အမှုကိစ္စရပ်များကို ယခင်အမှုများနှင့် ပုံစံတူအမှု (Repetitive Case) အဖြစ် သတ်မှတ်သည်။ သာမန်အားဖြင့် ယခင်အမှုများနှင့် ပုံစံတူအမှု (Repetitive Case) များကို ယင်းအမှုများနှင့်သက်ဆိုင်သည့် စီရင်ထုံးပြုမည့်အမှု (Leading Case) နှင့်အတူ အုပ်စုခွဲ၍ တစ်ပေါင်းတစ်စည်းတည်း ထားသည်။

သီးသန့်နိုင်ငံတစ်ခုတွင် ဖြစ်ပွားသည့်ပုံစံတူ သို့မဟုတ် စနစ်တူညီသော ပြဿနာများနှင့် ဆက်စပ်နေပါက ဝန်ကြီးများကော်မတီ (CM) သည် အဆိုပါအမှုတွဲများကို စုစည်း၍ ပူးတွဲဖြေရှင်းနိုင်ပြီး အမှုများကိုအုပ်စုခွဲ၍ စုစည်းထားရှိပေသည်။ ထိုသို့သော အမှုတွဲများကို စုစည်းဖြေရှင်းရာ၌ ဝန်ကြီးများကော်မတီ (CM) သို့ အစောဆုံးပေးပို့ထားသည့် အမှု၏အမည်အား အမှုတွဲအမည် တပ်လေ့ရှိသည်။

ဝန်ကြီးများကော်မတီ (CM) သည် ဥရောပတရားရုံး၏ စီရင်ချက်အား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ကြီးကြပ်ရာတွင် အမှုများအား စံသတ်မှတ်ထားသည့်ကျင့်ထုံး (Standard Procedure) ဖြင့် ကြီးကြပ်ခြင်း သို့မဟုတ် ပိုမိုထိရောက်သည့်ကျင့်ထုံး (Enhanced Procedure) ဖြင့် ကြီးကြပ်ခြင်း ဟူ၍ အမျိုးအစား ခွဲခြားသတ်မှတ်ရသည်။ ပုံသေအားဖြင့် အမှုတစ်ခုအား စံသတ်မှတ်ထားသည့်ကျင့်ထုံး (Standard Procedure) ဖြင့် ကြီးကြပ်ရန် အမျိုးအစားခွဲခြားထားသော်လည်း ထိုအမှုသည် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းအမှုကိစ္စဖြစ်ကာ ချမှတ်ထားသော စီရင်ချက်သည် ပဏာမဆင်ခြင်စဉ်းစားမှုစီရင်ချက်ဖြစ်ပြီး တရားရုံးက သို့မဟုတ် ဝန်ကြီးများ ကော်မတီ (CM) က ကြီးမားသောအမှု သို့မဟုတ် ရှုပ်ထွေးသော ပြဿနာများကို ပေါ်ပေါက်စေသည့်အမှုဟု သတ်မှတ်၍ အမှုသည်၏ အခြေအနေကို ကုစားရန် အရေးပေါ်အစီအမံများ လိုအပ်လျှင် ထိုအမှုအား ပိုမိုထိရောက်သည့်ကျင့်ထုံး (Enhanced Procedure) ဖြင့် ကြီးကြပ် ရမည်ဟူ၍ ပြောင်းလဲသတ်မှတ်နိုင်သည်။

စံသတ်မှတ်ထားသည့်ကျင့်ထုံး (Standard Procedure) ဖြင့် ကြီးကြပ်သည်ဖြစ်စေ၊ ပိုမိုထိရောက်သည့်ကျင့်ထုံး (Enhanced Procedure) ဖြင့် ကြီးကြပ်သည်ဖြစ်စေ လက်တွေ့ အရေးပါအသုံးဝင်သောကောင်းကျိုးကို ရရှိစေပါသည်။ လုပ်ထုံးလုပ်နည်းအရ အမှုကိစ္စရပ်များ

အားလုံးကို အမှုပိတ်သိမ်းသည်အထိ လူ့အခွင့်အရေးဆိုင်ရာ အစည်းအဝေးတိုင်း၌ ထည့်သွင်းဆုံးဖြတ်သော်လည်း စံသတ်မှတ်ထားသည့်ကျင့်ထုံး (Standard Procedure) ဖြင့် ကြီးကြပ်သည့် အမှုကိစ္စများတွင် ဝန်ကြီးများကော်မတီ (CM) ၏ ပါဝင်ပတ်သက်မှုသည် ကန့်သတ်ချက်ရှိသည်။ ကြီးကြပ်မှုလုပ်ငန်းစဉ်အဆုံးတွင် ဝန်ကြီးများကော်မတီ (CM) သည် ၎င်းထံသို့ တရားစွဲဆိုခြင်း ခံရသည့်နိုင်ငံက တင်ပြလာသည့် အရေးယူဆောင်ရွက်မှု အစီရင်ခံစာသည် ပြည့်စုံမှုရှိကြောင်း တရားရုံး၏ စီရင်ချက်များအား လိုက်နာအကောင်အထည်ဖော်ရေးဌာန(DEJ)၏ အကဲဖြတ်ချက် အစီရင်ခံစာကို ဖော်ပြ၍ အမှုကိုပိတ်သိမ်းပေးသည်။ ဤရိုးရှင်းသော လုပ်ထုံးလုပ်နည်းအရ ဝန်ကြီးများကော်မတီ (CM) အား အရေးကြီးဆုံးနှင့် အခက်ခဲဆုံးသော အမှုကိစ္စများအပေါ် အဓိကထားဆောင်ရွက်စေခြင်းဖြစ်သည်။

ပိုမိုထိရောက်သည့်ကျင့်ထုံး (Enhanced Procedure) ဖြင့် ကြီးကြပ်မှုသည် ဝန်ကြီးများ ကော်မတီ (CM) က ဦးစားပေးကိစ္စအဖြစ် သတ်မှတ်သည့် ကိစ္စများနှင့်သာ သက်ဆိုင်မည်ဖြစ်ပြီး စီရင်ချက်များအား လိုက်နာအကောင်အထည်ဖော်ရေးဌာန (DEJ) ကလည်း နက်နက်ရှိုင်းရှိုင်း ပါဝင်ပတ်သက် ဆောင်ရွက်ရသည်။ ပိုမိုထိရောက်သည့်ကျင့်ထုံး (Enhanced Procedure) ဖြင့် ကြီးကြပ်ဆောင်ရွက်ရာတွင် အလွန်ခက်ခဲ၍ ပြဿနာရှုပ်ထွေးသည့် အမှုကိစ္စများအား လူ့အခွင့်အရေးဆိုင်ရာအစည်းအဝေးများ (CM-DH)၌ စစ်ဆေးခြင်း၊ ထိုအမှုကိစ္စများအပေါ် ဆုံးဖြတ်ချက် ချမှတ်ခြင်းများအပါအဝင် ဆုံးဖြတ်ချက်များအား လိုက်နာအကောင်အထည် ဖော်မှုကို စောင့်ကြည့် စစ်ဆေးရာတွင် ဝန်ကြီးများ ကော်မတီ (CM) သည် ထိရောက်သော အခန်းကဏ္ဍမှ ပါဝင်ပေးသည်။

အမှုတစ်မှုအား ပိုမိုထိရောက်သည့်ကျင့်ထုံး(Enhanced Procedure) ဖြင့် ကြီးကြပ်ရာမှ စံသတ်မှတ်ထားသည့်ကျင့်ထုံး (Standard Procedure) ဖြင့် ပြောင်းလဲ ကြီးကြပ်နိုင်သည်။ ဥပမာအားဖြင့် ဝန်ကြီးများကော်မတီ (CM)သည် သက်ဆိုင်ရာ တရားစွဲခံရသည့်နိုင်ငံမှ တင်ပြလာသည့် အရေးယူဆောင်ရွက်မှုစီမံချက် နှင့်/သို့မဟုတ် ထိုအစီအမံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကျေနပ်မှုရှိသော အခါမျိုးတွင် အမှုတွဲကို ပိုမိုထိရောက်သည့် ကျင့်ထုံး (Enhanced Procedure) မှ စံသတ်မှတ်ထားသည့်ကျင့်ထုံး (Standard Procedure) သို့ ပြောင်းလဲနိုင်သည်။ အလားတူ အရေးယူဆောင်ရွက်မှုစီမံချက် သို့မဟုတ် အရေးယူဆောင်ရွက်မှု အစီရင်ခံစာတင်ပြရန် အမြဲပျက်ကွက်ခြင်း၊ စီမံချက်ပါအကြောင်းအရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာနိုင်ငံနှင့် အတွင်းဝန်များရုံးအကြား သဘောထားကွဲလွဲခြင်း သို့မဟုတ် အရေးယူ ဆောင်ရွက်မှုစီမံချက်ပါ အစီအမံများကို အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော ပြင်းထန်သော ပြဿနာများကြောင့် စံသတ်မှတ်ထားသည့်ကျင့်ထုံး (Standard Procedure) ဖြင့်

ကြီးကြပ်ရာမှ ပိုမိုထိရောက်သည့်ကျင့်ထုံး (Enhanced Procedure) ဖြင့် ပြောင်းလဲကြီးကြပ်နိုင်သည်။

လက်ရှိတွင် ဝန်ကြီးများကော်မတီ (CM) သည် စီရင်ချက်ပေါင်း ၅၆၂၉ ခုကို ဆက်လက်ကြီးကြပ်နေဆဲဖြစ်ပြီး စီရင်ထုံးပြုရမည့် အမှုသစ် (Leading Case) မှာ ၁၂၉၉ မှုရှိပြီး ၎င်းတို့အနက် ၃၄၂ မှုအား ပိုမိုထိရောက်သည့်ကျင့်ထုံး (Enhanced Procedure) ဖြင့် ကြီးကြပ်ဆောင်ရွက်လျက် ရှိပေသည်။ ၂၀၂၀ ခုနှစ်တွင် နိုင်ငံတော်အဖွဲ့အစည်းများ၏ နှိပ်စက်မှုနှင့်/သို့မဟုတ် ယင်းစွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန် ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍ ပိုမိုထိရောက်သည့်ကျင့်ထုံး (Enhanced Procedure) ဖြင့် ကြီးကြပ်ရသော စီရင်ထုံးပြုရမည့် အမှုသစ်များ (Leading Case) ၏ ၁၅% သည် လိုက်နာအကောင်အထည်ဖော်ရန် ဆိုင်းငံ့နေဆဲဖြစ်သည်။ ပြစ်မှုကျူးလွန်သူများအား ထိန်းသိမ်းသည့်နေရာသည် ကျန်းမာရေးစံချိန်စံညွှန်းနှင့် ညီညွတ်မှု မရှိခြင်းနှင့် သက်ဆိုင်သည့် စီရင်ထုံးပြုရမည့် အမှုသစ်များ (Leading Case) မှာ လိုက်နာအကောင်အထည်ဖော်ရန်အတွက် ၁၀% ဆိုင်းငံ့နေဆဲဖြစ်သည်။

## ၄-၂။ ငွေပေးချေမှုအား ကြီးကြပ်ခြင်း

တရားစွဲဆိုခြင်းခံရသည့်နိုင်ငံ (Respondent States) မှတင်ပြသော ငွေပေးချေမှုဆိုင်ရာအချက်အလက်ကို စီရင်ချက်များလိုက်နာအကောင်အထည်ဖော်ဆောင်ရေးဌာန(DEJ)၏ ဝဘ်ဆိုဒ်ပေါ်တွင် တင်ထားပေသည်။ တရားစွဲဆိုခြင်းခံရသည့် နိုင်ငံကငွေပေးချေလာမှုကို ထိုဦးစီးဌာနမှ မှတ်ပုံတင်စာရင်းသွင်းပြီးနောက် ထိုနေ့မှစ၍ နှစ်လအတွင်း လျှောက်ထားသူ (Applicant) ဘက်မှ တိုင်တန်းချက် (မကျေနပ်ချက်) တစ်စုံတစ်ရာကိုမျှ မပြုလုပ်ပါက လျှောက်ထားသူ (Applicant)အနေဖြင့် ငွေပေးချေမှုကို လက်ခံသည်ဟု မှတ်ယူမည်ဖြစ်သည်။ သို့ရာတွင် အချိန်မတန်သေးဘဲ ပိတ်သိမ်းသည့် အမှုကိစ္စဖြစ်ပါက ဝန်ကြီးများကော်မတီ (CM) သည် အဆိုပါကိစ္စကို ပြန်လည်ဖွင့်လှစ်နိုင်သည်။ လျှောက်ထားသူတစ်ဦးက ငွေပေးချေမှုကို ငြင်းဆိုလျှင် စီရင်ချက်များလိုက်နာအကောင်အထည်ဖော်ဆောင်ရေးဌာန (DEJ) သည် အဆိုပါကိစ္စအား တရားစွဲဆိုခံရသည့်နိုင်ငံနှင့် ဆွေးနွေးရသည်။

လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံး (ECtHR) မှ သတ်မှတ်သည့် နောက်ဆုံးရက်ကုန်ဆုံးပြီးနောက် ငွေပေးချေမှုဆိုင်ရာ သတင်းအချက်အလက်ကို လက်ခံရရှိခြင်း မရှိပါက ဝန်ကြီးများကော်မတီ (CM) သည် သက်ဆိုင်ရာနိုင်ငံသို့ တုန့်ပြန်ငြင်းဆိုခြင်းကို ခွင့်မပြုဘဲ ငွေပေးချေမှုဆိုင်ရာ သတင်းအချက်အလက်များကို တင်ပြရန် တောင်းဆိုနိုင်ပြီး အထွေထွေဆုံးဖြတ်ချက် ချမှတ်နိုင်သည်။ ငွေကြေးဆိုင်ရာ နစ်နာမှု သို့မဟုတ် ငွေကြေးမဟုတ်သည့် နစ်နာမှုတို့အတွက် လျှောက်ထားသူအား ကျေနပ်မှုရှိစေရန် လျော်ကြေးပေးဆောင်စေရာ၌

တရားစွဲဆိုခံရသည့်နိုင်ငံသည် လျော်ကြေးငွေပေးရန် အကြိမ်ကြိမ် ပျက်ကွက်ခြင်းကြောင့် ဝန်ကြီးများ ကော်မတီ (CM) အနေဖြင့် ထိုကိစ္စရပ်အား ပိုမိုထိရောက်သည့်ကျင့်ထုံး(Enhanced Supervision Procedure) ဖြင့် ကြီးကြပ်ရေး ထည့်သွင်းစဉ်းစားရန် အဆိုပြုနိုင်သည်။

## ၄-၃။ အရေးယူမှုစီမံချက်

တရားစွဲဆိုခံရသည့်နိုင်ငံသည် လိုက်နာအကောင်အထည်ဖော်မည့် အစီအမံများကို သတ်မှတ်ပြီးနောက် အရေးယူမှုစီမံချက်ကို ဝန်ကြီးများကော်မတီ (CM) သို့ နိုင်ငံ၏ ပြည်တွင်း အာဏာပိုင်များက တင်ပြရမည်။ ထိုအစီအမံကို အများပြည်သူသို့ ချက်ချင်းထုတ်ပြန်ရသည်။

အရေးယူမှုစီမံချက်ကို စီရင်ချက်အပြီးအပြတ်ချမှတ်ပြီးနောက် ၆ လထက် နောက်မကျ စေဘဲ တင်ပြသင့်သည်။အကြောင်းအရာတစ်ခုချင်းအလိုက် အရေးပေါ်အစီအမံများလိုအပ်သော ကိစ္စများတွင် သို့မဟုတ် ဥရောပတရားရုံးကကျင့်သုံးသည့် ပဏာမဆင်ခြင်စဉ်းစားမှု စီရင်ချက်၌ ပါရှိသည့်သတ်မှတ်ရက်တွင် လိုက်နာအကောင်အထည်ဖော်ရမည့် ရှေ့ပြေးတင်ပြချက် တစ်ခုကို တင်သွင်းရန် လိုအပ်သည်။

အရေးယူမှုစီမံချက်သည် အဆင့်ဆင့် တိုးတက်ပြောင်းလဲနေသော မှတ်တမ်းတစ်ခုပင် ဖြစ်သည်။ မူလစီစဉ်ထားသည့် အရေးယူမှုစီမံချက်များကို လက်ခံကျင့်သုံးမှုတွင် ဖြစ်ပေါ်ခဲ့သည့် တိုးတက်မှုဆိုင်ရာ နောက်ဆုံးပေါ်အချက်အလက်များဖြင့် လိုက်နာအကောင်အထည် ဖော်ဆောင် ရေး လုပ်ငန်းစဉ်တစ်လျှောက် ပုံမှန်မွမ်းမံပြင်ဆင်ရပေသည်။ မူလစီစဉ်ထားသည့် အရေးယူမှု စီမံချက်များကို တိုးတက်မှုအသစ်များဖြင့် ပြန်လည်သုံးသပ်ရန် လိုအပ်သည်ဟု အာဏာပိုင် များက ယူဆပါက အရေးယူမှုစီမံချက်ကို ပြန်လည်ပြင်ဆင်ရမည်ဖြစ်သည်။

အာဏာပိုင်များသည် ဝန်ကြီးများကော်မတီ (CM) သို့တင်ပြသည့် အရေးယူမှုစီမံချက်ပါ အစီအမံများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ယင်းတွင် ဖော်ပြထားသော အရေးယူမှုအစီအမံအားလုံးကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးသောအခါ အရေးယူဆောင်ရွက်မှုအစီရင်ခံစာအဖြစ် ပြောင်းလဲသည်။

အာဏာပိုင်များက အစီအမံများ ချမှတ်ခဲ့သော်လည်း ထိုအစီအမံများသည် အမှုပိတ်သိမ်း ရန်အတွက် မလုံလောက်မှုများ မကြာခဏဖြစ်ပေါ်တတ်သည်။ ထိုသို့သော အမှုမျိုးကို HUDOC-EXEC ဒေတာဘေ့စ်တွင် "တစ်စိတ်တစ်ပိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သည့် အမှုကိစ္စ" အဖြစ် ပြောဆိုနိုင်ပေသည်။ လိုက်နာအကောင်အထည် ဖော်ဆောင်ရန် ဆိုင်းငံ့ ထားသည့်အမှုများသည် "လုံးဝလိုက်နာအကောင်အထည် ဖော်ဆောင်ခြင်း မပြုသည့်အမှုများ" ကို ဆိုလိုခြင်းမဟုတ်သကဲ့သို့ "ပြည့်စုံစွာအကောင်အထည်ဖော် ဆောင်ရွက်ပြီးသည့် အမှုများ"

လည်းမဟုတ်ပေ။ အရေးယူမှုစီမံချက်များသည် အမှု၏ မည်သည့်အပိုင်းကို လိုက်နာအကောင် အထည်ဖော်ဆောင်ရွက်မည်ကို နားလည်ရန် အရေးကြီးပေသည်။

တစ်ခါတစ်ရံတွင် အာဏာပိုင်များသည် လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံး (ECtHR) မှ စီရင်ချက်မချမှတ်မီ သို့မဟုတ် စီရင်ချက်ချမှတ်ပြီးနောက် အချိန်တိုအတွင်း လိုအပ်သည့် အစီအမံအားလုံးကို ချမှတ်ဆောင်ရွက်ပြီး ဖြစ်နေတတ်သည်။ ထိုသို့သော အခြေအနေမျိုးတွင် အာဏာပိုင်များသည် ဝန်ကြီးများကော်မတီ (CM) သို့ အရေးယူမှုစီမံချက်ကို တင်ပြရန် မလိုအပ်ဘဲ အရေးယူဆောင်ရွက်မှု အစီရင်ခံစာ တင်သွင်းခြင်းကို ဆောင်ရွက်နိုင်သည်။

## ၄-၄။ အချိန်နှင့်တစ်ပြေးညီ အပြည့်အဝလိုက်နာအကောင်အထည်ဖော်ရန်အတွက် ဝန်ကြီးများ ကော်မတီ (CM) က တွန်းအားပေးသည့် နည်းလမ်းများ

အချိန်နှင့်တစ်ပြေးညီ အပြည့်အဝ လိုက်နာအကောင်အထည်ဖော်ရန်ကိစ္စသည် တစ်ခါ တစ်ရံ၌ အတားအဆီးများနှင့် ရင်ဆိုင်ရတတ်သည်။ ၎င်းတို့သည် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်သည်-

(က) ပြည်တွင်းအာဏာပိုင်များ၏ သီးခြားအစီအမံများချမှတ်ရန် တွန့်ဆုတ်ခြင်း (မလိုလားခြင်း)၊

(ခ) လုပ်ထုံးလုပ်နည်းဆိုင်ရာ ခက်ခဲရှုပ်ထွေးခြင်း၊ ဥပမာအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အစီအမံအပိုင်းအခြား ကျယ်ပြန့်လွန်းခြင်း သို့မဟုတ် ပြုပြင်ပြောင်းလဲရမည့် အတိုင်းအတာ ကျယ်ပြန့်လွန်းခြင်း၊

(ဂ) ကြီးမားသော အဟန့်အတားများရှိခြင်း၊ ဥပမာအားဖြင့် စီရင်ချက်ကမည်သည်အား လိုအပ်သည် ဆိုသည်အား မသေချာခြင်း၊

(ဃ) ငွေကြေးဆိုင်ရာအခက်အခဲများ။

နောက်ဆုံးတွင် ဝန်ကြီးများကော်မတီ (CM) သည် ပြဿနာများကို အချိန်နှင့်တစ်ပြေးညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အပြည့်အဝလိုက်နာအကောင်အထည်ဖော်ရန် အတွက် နိုင်ငံရေးဖိအားကို အသုံးပြုရသည်။ တရားစွဲဆိုခံရသည့် နိုင်ငံအား အကူအညီ ပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် အထောက်အပံ့ဖြစ်စေမည့် အစီအမံများအား ပံ့ပိုးပေးခြင်းနှင့်အတူ ထိုနိုင်ငံရေးဖိအားကို ပေါင်းစပ်အသုံးပြုနိုင်သည်။

ဝန်ကြီးများကော်မတီ (CM) သည် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရာ၌ ကြုံတွေ့နေရသော ပြဿနာများ၏ သဘောသဘာဝနှင့်

အောင်မြင်လိုသော ရည်ရွယ်ချက်အပေါ် မူတည်၍ အောက်ဖော်ပြပါအတိုင်း အမျိုးမျိုးသော နည်းလမ်းများကို အသုံးပြုနိုင်သည်-

(က) လုပ်ဆောင်မှုအစီအစဉ်တစ်ရပ်ကို လက်ခံကျင့်သုံးရန် နှောင့်နှေးခြင်း သို့မဟုတ် လုံ့လဝီရိယရှိရှိ အကောင်အထည်ဖော်ရန် လိုအပ်ခြင်း စသည့် အကြောင်းရင်းများကို နက်နက်ရှိုင်းရှိုင်း စစ်ဆေးရန်အတွက် အမှုအား Standard Supervision မှ Enhanced Supervision သို့ပြောင်းလဲလုပ်ဆောင်ခြင်း၊ အကယ်၍ ထိုအမှုသည် Enhanced Procedure ဖြင့် ကြီးကြပ်သည့်အမှုဖြစ်လျှင် ဝန်ကြီးများကော်မတီ (CM) သည် -

(ကက) ၎င်း၏ CM-DH အစည်းအဝေးများ၌ ထိုအမှုကို ချက်ချင်းစစ်ဆေးခြင်း၊

(ခခ) တိုးတက်မှုမရှိကြောင်း ဆုံးဖြတ်ချက်တစ်ခု ချမှတ်ခြင်း၊ အချိန်ကန့်သတ်ချက် သတ်မှတ်ခြင်း သို့မဟုတ် အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သင့်လျော်သော အကြံပြုချက်များနှင့် အခြားညွှန်ကြားချက်များ ပေးခြင်း၊

(ဂဂ) ပြဿနာဖြစ်ပွားနေသော ကိစ္စများကို မကြာခဏ အသေးစိတ်စစ်ဆေးခြင်း၊

(ဃဃ) အရေးကြီးစိုးရိမ်ဖွယ်ရာအဆင့်သို့ ရောက်ရှိသည့် အခြေအနေများတွင် ကြားဖြတ် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊

(ငင) တရားစွဲဆိုခံရသည့်နိုင်ငံ၏အစိုးရထံသို့ သဝဏ်လွှာပေးပို့ခြင်း သို့မဟုတ် ဝန်ကြီးများကော်မတီ (CM) ၏ ဝန်ကြီးအစည်းအဝေးတွင် တင်ပြခြင်း။

ထို့အပြင် နိုင်ငံများက လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အခါ ဝန်ကြီးများကော်မတီ (CM) သည် ဆုံးဖြတ်ချက်များအား လိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံများအား ဆုံးဖြတ်ချက်များ အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် အောက်ဖော်ပြပါအတိုင်း လုပ်ဆောင်နိုင် ပါသည်-

(က) လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ ဆုံးဖြတ်ချက်များအား လိုက်နာအကောင် အထည်ဖော်ဆောင်ရွက်ခြင်း မရှိကြောင်း ထင်ရှားသည့်အထောက်အထားများရှိပြီး ကွန်ဗင်းရှင်းပါ တာဝန်ဝတ္တရားများကို လိုက်နာခြင်းမရှိဟု မှတ်ယူနိုင်သည့် နိုင်ငံသို့ သတိပေးချက်ထုတ်ပြန်ခြင်း၊

(ခ) သတိပေးချက်ထုတ်ပြန်သော်လည်း ထိုအခြေအနေအတိုင်း ဆက်လက်ရှိနေပါက ကွန်ဗင်းရှင်းပါ တာဝန်ဝတ္တရားများကို လေးစားမှုမရှိခြင်း/မထီမဲ့မြင်ပြုခြင်း သို့မဟုတ်

ကွန်ဗင်းရှင်း၏ အပိုဒ် ၄၆ (၄) အရ တရားရုံးရှေ့မှောက်တွင် ကွန်ဗင်းရှင်းအား ချိုးဖောက်ကျူးလွန်မှုအတွက် အရေးယူခြင်း လုပ်ငန်းစဉ်များ စတင်ခြင်း၊

(ဂ) မထိမဲ့မြင်ပြုမှု ပေါ်ပေါက်လာပါက ဥရောပကောင်စီနှင့် အခြားအဖွဲ့အစည်းများ အကြား ဆက်သွယ်ဆောင်ရွက်မှုအရ ပြဿနာပေါ်ပေါက်နိုင်ပြီး ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သင့်လျော်သည်ဟု ယူဆသည့် အစီအမံများချမှတ်ရေး ဆင့်ခေါ်ခြင်း (ဥပမာ- သက်ဆိုင်ရာ နိုင်ငံများပါဝင်သည့် သံတမန်ဆိုင်ရာ အစပျိုးဆောင်ရွက်ချက်များ သို့မဟုတ် နှစ်နိုင်ငံအကြား သံတမန်ရေး ဆိုင်ရာ အရေးယူဆောင်ရွက်ချက်များမှ တစ်ဆင့်)

(ဃ) ဥရောပကောင်စီ၏ Statute အပိုဒ် ၈ အရ ထိုအခြေအနေကို စစ်ဆေးရမည်ဟု အများပြည်သူသိရှိစေရန် ကြေညာခြင်း။

နိုင်ငံများစွာသက်ဆိုင်သည့် ကျယ်ပြန့်သောပြဿနာများနှင့် ပတ်သက်၍ ဝန်ကြီးများ ကော်မတီ (CM) သည် အကြောင်းအရာအလိုက် အပြန်အလှန်ဆွေးနွေးချက် စကားဝိုင်းများကို ဆောင်ရွက်နိုင်သည်။ ၎င်းတို့သည် ဘရပ်ဆဲ (Brussels) ကြေညာစာတမ်းတွင် တိုက်တွန်း ထားသော ပူးပေါင်းဆောင်ရွက်မှုနှင့် အတွေ့အကြုံမျှဝေခြင်း၏ နမူနာကောင်းများ ဖြစ်ပေသည်။

## ၄-၅။ အရေးယူဆောင်ရွက်မှုအစီရင်ခံစာ

တရားစွဲဆိုခံရသည့် နိုင်ငံသည် ချိုးဖောက်ကျူးလွန်မှုများ ဆက်လက် မဖြစ်ပေါ်စေရန်နှင့် နောင်တွင် အလားတူချိုးဖောက်ကျူးလွန်မှုများ မဖြစ်ပေါ်စေရေးကာကွယ်ရန်အလို့ငှာ လိုအပ် သည့် အရေးယူမှုအစီအမံအားလုံးကို အောင်မြင်စွာ လိုက်နာအကောင်အထည်ဖော်ခြင်းအား ဝန်ကြီးများကော်မတီ (CM) သို့ တင်ပြရမည်။ ထို့ကြောင့် တရားစွဲဆိုခံရသည့် နိုင်ငံသည် လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံး (ECtHR) ၏ စီရင်ချက်အား လိုက်နာအကောင်အထည် ဖော်ရန် ချမှတ်ဆောင်ရွက်ခဲ့သည့် အရေးယူမှုအစီအမံများအားလုံးနှင့် ထိုအစီအမံများ ဆောင်ရွက်ခြင်းကြောင့် ပေါ်ပေါက်လာသည့် အကျိုးသက်ရောက်မှုအထောက်အထားများကို ဝန်ကြီးများ ကော်မတီ (CM) သို့ တင်ပြရသည်။

လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုများ ထိရောက်မှုရှိခြင်းအား ပြည်တွင်း တရားရုံးများ၏ စီရင်ထုံးဥပဒေများကို ပြောင်းလဲခြင်း သို့မဟုတ် စာရင်းအင်းများကို ကိုးကား၍ သက်သေပြနိုင်သည်။ ဆုံးဖြတ်ချက်များအကောင်အထည်ဖော်ရေးဌာန (DEJ) သည် တရားစွဲဆိုခံရသည့် နိုင်ငံမှ အရေးယူဆောင်ရွက်မှုအစီရင်ခံစာကို တင်ပြပြီးနောက် ၆ လအတွင်း အပြီးသတ် အကဲဖြတ်စိစစ်သုံးသပ်သင့်ပြီး ထိုအစီရင်ခံစာကို ထပ်မံစိစစ်သုံးသပ်ရန်အတွက်

ဝန်ကြီးများကော်မတီက (CM) သို့ ထပ်မံတင်ပြရသည်။ ထိုစိစစ်သုံးသပ်မှုများ၏ ရလဒ်အရ လိုအပ်သော သီးခြားအကြောင်းအရာအလိုက် အစီအမံများ (Individual Measures) နှင့် အထွေထွေအစီအမံများ (General Measures) တို့ကို ချမှတ်ဆောင်ရွက်ပါက ကြီးကြပ်မှုကို ပိတ်သိမ်းရန် ဦးတည်သွားစေနိုင်သည် သို့မဟုတ် လိုအပ်ပါက သက်ဆိုင်ရာနိုင်ငံမှ ထပ်လောင်း အစီအမံများ ချမှတ်ရေးအတွက် ဆုံးဖြတ်ချက်ချမှတ်ရခြင်းလည်း ဖြစ်နိုင်သည်။

အရေးယူဆောင်ရွက်မှုအစီရင်ခံစာများနှင့် စီမံချက်များကို အကဲဖြတ်ရာတွင် ဆုံးဖြတ်ချက်များအကောင်အထည်ဖော်ရေးဌာန (DEJ) နှင့် ဝန်ကြီးများကော်မတီ (CM) တို့သည် နည်းဥပဒေ ၉ နှင့်အညီ နစ်နာသူများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO) များထံမှ တင်ပြချက်များကို ထည့်သွင်းစဉ်းစားဆုံးဖြတ်သည်။

## ၄-၆။ ကြီးကြပ်ဆောင်ရွက်ခြင်းကို ပိတ်သိမ်းခြင်း

သတင်းအချက်အလက်များအားလုံးရရှိပြီးလျှင် ဆုံးဖြတ်ချက်များ လိုက်နာအကောင်အထည်ဖော်ရေးဌာန (DEJ) သည် အမှုပိတ်သိမ်းရေးအတွက် စိစစ်ရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် အပြီးသတ်ဆုံးဖြတ်ချက် (မူကြမ်း) ကို ဝန်ကြီးများကော်မတီ (CM) သို့ တင်ပြသည်။ ဝန်ကြီးများကော်မတီ (CM)က အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ပြီးလျှင် ကြီးကြပ်မှု လုပ်ငန်းစဉ် ပြီးဆုံးပြီဖြစ်သည်။

ဝန်ကြီးများကော်မတီ (CM)သည် တရားစွဲဆိုခံရသည့် နိုင်ငံအနေဖြင့် စီရင်ချက်ကို လိုက်နာအကောင်အထည်ဖော်ရန်အလို့ငှာ လိုအပ်သည့်အရေးယူမှုအစီအမံများအားလုံးကို ဆောင်ရွက်ခြင်းကြောင့်ဖြစ်စေ သို့မဟုတ် ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းခြင်းနည်းလမ်းပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းကြောင့်ဖြစ်စေ ကျေနပ်မှုရှိလျှင် အပြီးသတ်ဆုံးဖြတ်ချက်ကို ချမှတ်သည်။ အပြီးသတ်ဆုံးဖြတ်ချက်တွင် တရားစွဲဆိုခံရသည့်နိုင်ငံမှ တင်သွင်းသည့် အရေးယူမှုအစီရင်ခံစာကို Link ဆက်သွယ်ချိတ်ပေးထားသည်။ အပြီးသတ်ဆုံးဖြတ်ချက်များကို ဝန်ကြီးများကော်မတီ (CM) ၏ ဒေတာဘေ့စ်များဖြစ်သော HUDOC-EXEC သို့မဟုတ် HUDOC တို့တွင် တွေ့ရှိနိုင်ပေသည်။

လိုအပ်သော အရေးယူမှုအထွေထွေအစီအမံများအားလုံးကို ချမှတ်ခြင်းမပြုသေးသော်လည်း ဝန်ကြီးများကော်မတီ (CM) သည် သီးခြားအရေးယူမှုအစီအမံချမှတ်ရန် မလိုအပ်သော ယခင်အမှုများနှင့်တူညီသောအမှုကိစ္စများ (Repetitive Case) အပေါ် ကြီးကြပ်ခြင်းအား ပိတ်သိမ်း နိုင်သည်။ ထိုသို့သောအခြေအနေမျိုးတွင် စီရင်ထုံးပြုမည့်အမှု (Leading Case)နှင့် စပ်လျဉ်း၍ အရေးယူမှုအစီအမံများအား ဆက်လက်စိစစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့်

ယခင်အမှုများနှင့် တူညီသောအမှုများ (Repetitive Case) ကို ပိတ်သိမ်းပြီး စီရင်ထုံးပြုမည့်အမှု (Leading Case) များကို အလေးထားကြီးကြပ်နိုင်မည် ဖြစ်သည်။

## ၄-၇။ ကြီးကြပ်ကွပ်ကဲမှုအား အများပြည်သူသိရှိစေခြင်း

ဥရောပကောင်စီ၏ Statute အရ ဝန်ကြီးများကော်မတီ (CM) ၏ ဆွေးနွေးဆုံးဖြတ်မှုများကို လျှို့ဝှက်ထားသည်။ လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး (ECtHR) ၏ စီရင်ချက်များအား လိုက်နာအကောင်အထည်ဖော်ခြင်းကို ကြီးကြပ်မှုများအတွက် ရည်ရွယ်ထားသော လူ့အခွင့်အရေးဆိုင်ရာအစည်းအဝေးများကို နစ်နာသူများ၊ NGO များနှင့် အခြားသော အဖွဲ့အစည်းများ မပါဝင်ဘဲ တံခါးပိတ်ကျင်းပသည်။

သို့ရာတွင် အဓိကအားဖြင့် HUDOC-EXEC ဒေတာဘေ့စ်တွင် စီရင်ချက်များအား လိုက်နာအကောင်အထည်ဖော်ခြင်းဆိုင်ရာ သတင်းအချက်အလက်များစွာကို အများပြည်သူသိရှိနိုင်ရန် ဖော်ပြထားပေသည်။ ထိုသတင်းအချက်အလက်များတွင် နိုင်ငံများ၊ လျှောက်ထားသူများ၊ NGOs အဖွဲ့အစည်းများ၊ ပြည်တွင်းလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ (NHRIs)၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ သီးခြားကိစ္စရပ်များနှင့်စပ်လျဉ်းသည့် တင်ပြချက်များပါဝင်သည်။ အများပြည်သူအနေဖြင့် နောင်တွင်ကျင်းပမည့် လူ့အခွင့်အရေးဆိုင်ရာအစည်းအဝေးများ (CM-DH) တွင် စစ်ဆေးမည့် အမှုတွဲများစာရင်း သို့မဟုတ် ယခင်အစည်းအဝေးများ၏ အစီအစဉ်များနှင့်အတူ ချမှတ်ထားသောဆုံးဖြတ်ချက်များ ကဲ့သို့သော မှတ်တမ်းများမှတစ်ဆင့် လိုက်နာအကောင်အထည်ဖော်မှုဆိုင်ရာ တိုးတက်မှုကို သိရှိနိုင်သည်။

ထို့အပြင် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး (ECtHR) ၏ စီရင်ချက်များနှင့် ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် ကြီးကြပ်မှုဆိုင်ရာ ဝန်ကြီးများကော်မတီ (CM) ၏ နှစ်ပတ်လည် အစီရင်ခံစာများသည် ပြီးပြည့်စုံသော ကိန်းဂဏန်း အချက်အလက်များအပါအဝင် နှစ်တစ်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အရေးပါသော တိုးတက်မှုများအတွက် တန်ဖိုးရှိသော သတင်းရင်းမြစ်တစ်ခုဖြစ်သည်။ ၂၀၀၇ ခုနှစ်မှစတင်၍ စီရင်ချက်များအားလိုက်နာအကောင်အထည်ဖော်ခြင်းအတွက် ထုတ်ပြန်ခဲ့သော နှစ်ပတ်လည် အစီရင်ခံစာများ အားလုံးကို ဌာန၏ဝဘ်ဆိုဒ်တွင် ရရှိနိုင်သည်။

## ၄-၈။ ကြီးကြပ်ကွပ်ကဲမှု၏ထိရောက်မှု

အစပိုင်း၌ နိုင်ငံများသည် မည်သည့်အစီအမံကို ချမှတ်သည်ဖြစ်စေ စီရင်ချက်တစ်ခုကို ပြည့်စုံစွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်မဟုတ်ပေ။

တင်ပြပါ Principle of Subsidiarity အရ ဖြစ်ပေါ်လာသည့်အမှုကိစ္စတွင် ချိုးဖောက်ကျူးလွန်မှုကိုကုစားရန်နှင့် နောင်တွင် ပြဿနာထပ်မံမဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာနိုင်ငံများက လုံလောက်မည်ဟုယူဆသည့် အရေးယူမှုအစီအမံများကို ရွေးချယ်၍ အဆိုတင်သွင်းကြသည်။

အဆိုတင်သွင်းလာသော အရေးယူမှုအစီအမံများသည် အရည်အသွေး သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။ ထိုအရေးယူမှုအစီအမံများသည် တရားရုံး၏ စီရင်ချက်အပေါ်အခြေခံ၍ ဖော်ထုတ်ထားသည့် ချိုးဖောက်မှုအကြောင်းအရင်းကို လုံလောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရမည်၊ တရားရုံး၏ စီရင်ထုံးဥပဒေနှင့်အညီ ဖြစ်ရမည်၊ ဝန်ကြီးများကော်မတီ (CM) က အလားတူကိစ္စများတွင် ယခင်ကချမှတ်ခဲ့သည့် ကျင့်ထုံးများနှင့်အညီ ဖြစ်ရမည်။ ဤအခြေအနေများ ပြည့်စုံမှသာ အကောင်အထည်ဖော်ဆောင်ရွက်မှုကို DEJ မှ အကဲဖြတ်နိုင်ပြီး ဝန်ကြီးများကော်မတီ (CM) က ပြည့်စုံပြီးမြောက်ကြောင်း ယူဆနိုင်ပေသည်။

ဤစာတမ်း၏ ကန့်သတ်ချက်များအရ ဝန်ကြီးများကော်မတီ (CM)၏ ကြီးကြပ်ဆောင်ရွက်ခြင်းထိရောက်မှုအား အတိအကျ နက်နက်ရှိုင်းရှိုင်း တိုင်းတာရန်ခွင့်မပြုပါ။ ဝန်ကြီးများကော်မတီ (CM) ၏ ကြီးကြပ်မှုသည် အမှုမည်မျှအား မည်သည့်အတိုင်းအတာအထိ အထောက်အကူဖြစ်စေကြောင်း အတိအကျတိုင်းတာရန် ခက်ခဲပေသည်။ ဝန်ကြီးများကော်မတီ (CM)၏ ကြီးကြပ်မှုသည် အောင်မြင်သော လိုက်နာအကောင်အထည်ဖော်မှုကို အထောက်အပံ့ဖြစ်စေကြောင်း တိုင်းတာရန်မှာ ပို၍ပင် ခက်ခဲလှပေသည်။

စံသတ်မှတ်ထားသည့်ကျင့်ထုံး (Standards Procedure) ဖြင့် ကြီးကြပ်သော အမှုကိစ္စများတွင် ဝန်ကြီးများကော်မတီ (CM) သည် များစွာဝင်ရောက်ဆောင်ရွက်ခြင်းမရှိပေ။ အထက်တွင် ရှင်းလင်းခဲ့သည့်အတိုင်း ထိုအမှုများတွင် ဝန်ကြီးများကော်မတီ (CM) က နက်နက်ရှိုင်းရှိုင်း ဝင်ရောက်ဆောင်ရွက်ခြင်း မလိုအပ်သည့်အပြင် ပြဿနာများသည်လည်း နက်နက်ရှိုင်းရှိုင်း ဝင်ရောက်ဆောင်ရွက်မှုကို မတောင်းဆိုပေ။ DEJ နှင့် သက်ဆိုင်ရာနိုင်ငံတို့၏ နှစ်ဖက်အပြန်အလှန် ဆောင်ရွက်မှုများသည် စံသတ်မှတ်ထားသည့်ကျင့်ထုံး (Standards Procedure) ဖြင့် ကြီးကြပ်သော အမှုကိစ္စများကို အကောင်အထည်ဖော်ရန် အရေးပါလှသော ဆောင်ရွက်ချက်များ ဖြစ်သော်လည်း ယင်းကို အများပြည်သူသို့အသိပေးဖော်ပြရန် မဖြစ်နိုင်ပေ။ လက်ရှိတွင်

စံသတ်မှတ်ထားသည့်ကျင့်ထုံး (Standards Procedure) ဖြင့် ကြီးကြပ်သည့် စီရင်ထုံးပြုမည့် အမှုပေါင်း ၃၁၂၅ မှုအား ပိတ်သိမ်းပြီးဖြစ်သော်လည်း DEJ ၏ အကူအညီဖြင့် သက်ဆိုင်ရာ ပြဿနာများကို မည်မျှဖြေရှင်းခဲ့သည်ကို ဖော်ပြရန် မဖြစ်နိုင်ပေ။

ပိုမိုထိရောက်သည့်ကျင့်ထုံး (Enhanced Procedure) ဖြင့် ကြီးကြပ်သော အမှုကိစ္စများကိုမူ ဖော်ပြနိုင်ပေသည်။ DEJ သည် လိုအပ်သည့်အခါတွင် ကြီးမားသော ပြုပြင်ပြောင်းလဲမှုများအပါအဝင် အရေးယူမှုအစီအမံများကို ချမှတ်ရန် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည်။ ထိုအစီအမံများ အားလုံးဆောင်ရွက်ပြီးလျှင် ဝန်ကြီးများကော်မတီ (CM) က အမှုများအား ပိတ်သိမ်းပေသည်။ ဝန်ကြီးများကော်မတီ (CM) ၏ အပြီးသတ် ဆုံးဖြတ်ချက်များသည် စီရင်ချက်အား လေးစားလိုက်နာခြင်းဖြစ်သဖြင့် ပိုမိုထိရောက်သည့်ကျင့်ထုံး (Enhanced Procedure) ဖြင့် ကြီးကြပ်ကာ ပိတ်သိမ်းပြီးသော စီရင်ထုံးပြုထားသည့် အမှုတွဲအရေအတွက်သည် ဝန်ကြီးများကော်မတီ (CM) ၏ ကြီးကြပ်မှုနှင့် ၎င်း၏ လက်ထောက်များ (အထူးသဖြင့် - DEJ) ၏ အကူအညီဖြင့် ဖြေရှင်းထားသော ပြဿနာအရေအတွက်နှင့် တူညီသင့်သည်။ လက်ရှိတွင် ထိုကဲ့သို့ပိတ်သိမ်းပြီးသည့်အမှုပေါင်း ၂၄၃ မှု ရှိပါသည်။

ထို့အပြင် CM-DH အစည်းအဝေးများသို့ တင်ပြ၍ စဉ်းစားသုံးသပ်မှုပြုသည့် အမှုကိစ္စများနှင့် စပ်လျဉ်း၍ ဝန်ကြီးများကော်မတီ (CM) ၏ တက်ကြွသော အခန်းကဏ္ဍကို အထူးမြင်သာပေသည်။ အမှန်စင်စစ် ထိုသို့သော အမှုမျိုးတွင် ဝန်ကြီးများကော်မတီ (CM) သည် ၎င်း၏ ဆုံးဖြတ်ချက်များတွင် ချမှတ်ရမည့် အရေးယူမှုအစီအမံများကို တိုက်ရိုက်ညွှန်ပြထားပြီး သက်ဆိုင်ရာနိုင်ငံက ထိုအရေးယူမှုအစီအမံများအတိုင်း လိုက်နာဆောင်ရွက်လျှင် အမှုပိတ်သိမ်းသည်။ ထို့ကြောင့် CM-DH အစည်းအဝေးများတွင် အရေးယူဆောင်ရွက်သည့် ပိုမိုထိရောက်သည့် ကျင့်ထုံး (Enhanced Procedure) ဖြင့် ကြီးကြပ်ကာ ပိတ်သိမ်းပြီးသော စီရင်ထုံးပြုထားသည့် အမှု (Leading Case) အရေအတွက်သည် ဝန်ကြီးများကော်မတီက ကူညီဖြေရှင်းသည့် အမှု အရေအတွက်နှင့် တူညီပါသည်။ လက်ရှိတွင် ထိုကဲ့သို့ပိတ်သိမ်းပြီးသည့်အမှုပေါင်း ၁၁၂ မှု ရှိပါသည်။ အဆိုပါကိစ္စများအတွက် အသေးစိတ် သုတေသနပြုမှုသည် ဆက်လက်လေ့လာရန် ဘာသာရပ်တစ်ခုဖြစ်သည်။ သို့ရာတွင် ယခုအဆင့်၌ စီရင်ချက်များအား လိုက်နာအကောင် အထည်ဖော်ခြင်းကို ဝန်ကြီးများကော်မတီ (CM) က ကြီးကြပ်ကွပ်ကဲမှုအခန်းကဏ္ဍသည် ထိရောက်မှုရှိနေပြီဟု ပဏာမကောက်ချက်ချနိုင်ပေသည်။

**နိဂုံး**

နိဂုံးချုပ်အနေဖြင့် ခိုင်မာ၍ထိရောက်မှုရှိသော လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုအား ဝန်ကြီးများကော်မတီ (CM) ၏ ကြီးကြပ်မှုစနစ်သည် ထိရောက်မှုရှိသည့် ယန္တရားတစ်ခုအဖြစ် မှတ်ယူနိုင်ပြီး လူ့အခွင့်အရေး ကာကွယ်မှုများနှင့် ဥရောပဒေသအတွင်း တည်ငြိမ်မှုနှင့် တရားမျှတမှုကို မြှင့်တင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ထမ်းဆောင်လျက်ရှိသည်ဟု ဆိုနိုင်ပါသည်။ ဝန်ကြီးများကော်မတီ (CM) ၏ ကြီးကြပ် ဆောင်ရွက်မှုသည် လူ့အခွင့်အရေး ဆိုင်ရာကိစ္စများတွင် အရေးပါသော အခန်းကဏ္ဍအနေဖြင့် နိုင်ငံပေါင်းများစွာ၏ တာဝန်ယူမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ အောင်မြင်စေရေးတို့အတွက် များစွာအထောက်အကူပြုပါသည်။

ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ရပ်အဖြစ် ဥရောပကောင်စီသည် လူ့အခွင့်အရေးဆိုင်ရာ နစ်နာမှုများအား ကုစားမှုပေးရာတွင် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ရေးအတွက် ကြီးကြပ်သည့် နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများကို တင်ပြထားခြင်းကြောင့် အခြားသောနိုင်ငံများ၊ အဖွဲ့အစည်းများအနေဖြင့် တရားရုံး၏ စီရင်ချက်များအား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ကျင့်ထုံးဥပဒေ/ နည်းဥပဒေများ ပြဋ္ဌာန်းရာတွင် ထိုစနစ်များ၊ လုပ်ထုံးလုပ်နည်းများ အနက်မှ လိုအပ်သလို ထည့်သွင်းအသုံးပြုနိုင်သည့် အသိပညာကို ရရှိပါကြောင်း တင်ပြအပ်ပါသည်။

လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏စီရင်ချက်များအား လိုက်နာအကောင် အထည်ဖော်ဆောင်ရွက်ရသူများမှာ အချုပ်အခြာအာဏာပိုင်နိုင်ငံများ ဖြစ်ကြပါသည်။ အဆိုပါ အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု အားကောင်း စေရေးအတွက် ဝန်ကြီးများကော်မတီက ကြီးကြပ်မှုပြုရသည့် လုပ်ထုံးလုပ်နည်းများ၊ လက်တွေ့ကျင့်သုံး ဆောင်ရွက်မှုနည်းလမ်းများကို တင်ပြထားခြင်းကြောင့် ဗဟုသုတများစွာ ရရှိပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

## ကျမ်းကိုးစာရင်း

၁။ Szymon Janczarek and Nikita Kolomiets, Solid and Effective: Supervision of Execution of Judgments of the European Court of Human Rights by the Committee of Ministers,2021

၂။ https://www.europewatchdog.info/en/council-of-europe/